စိတ်ကူးချိုချိုအနုပညာ

# ဆင်ဖြူကျွန်းအောင်သိန်း

# ရှုပ်သောလေတံခွန် နှင့် စံဝမိမှေးဝတ္ထုတိုများ



mgyoe.com



# ဆင်ဖြူကျွန်းအောင်သိန်း

ရှုပ်သောလေတံခွန်နှင့်

စံဝမိမေ့းဝတ္ထုတိုများ

SPK0017

1,500.00 KS

mgyoe.com

ရှုပ်သောလေတံခွန်နှင့်စံဝမိမေ့းဝတ္ထုတိုများ၊ ဆင်ဖြူကျွန်းအောင်သိန်း
စာမျက်နှာ ၁၄၇ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရှုပ်သောလေတံခွန်နှင့် စံဝမိမေ့းဝတ္ထုတိုများ

## ဆင်ဖြူကျွန်းအောင်သိန်း

ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရှုပ်သောလေတံခွန် | ၁ |
| ၂။ | ပွေးမုဆိုးတွေ | ၁၀ |
| ၃။ | ကိုကြာဥနှင့် သူ့သားတွေ | ၁၉ |
| ၄။ | သည်ဓလေ့ | ၂၈ |
| ၅။ | အချစ်သည် စိုးရိမ်သလော | ၄၅ |
| ၆။ | ကွဲပြားသော်လည်း တူတတ်သည် | ၅၄ |
| ၇။ | ရင်ဘတ်နောက်ကကျော | ၆၇ |
| ၈။ | အမေဗျ အမေ | ၇၆ |
| ၉။ | ကထာဝတ္ထု ဟူသည်ကား | ၈၅ |
| ၁၀။ | သစ်ညိုကုန်းမှ အပြန် | ၉၄ |
| ၁၁။ | နေကြာချရသည့်အကြောင်း! | ၁၀၂ |
| ၁၂။ | နွားသံယောဇဉ် | ၁၁၁ |
| ၁၃။ | ပွဲပြီး မီးမသေ | ၁၂၀ |
| ၁၄။ | ပြောရခက်ကြီးပါ | ၁၃၀ |
| ၁၅။ | တဈွေပါတတ်သည် | ၁၃၉ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ရှုပ်သောလေတံခွန်

"ဥသြ ဥသြ"

အသံသာယာသော ငှက်နက်ကြောသည် တပေါင်းလရောက်မှ စတင်တွန်ကြော်စမြဲပါကို၊ ယခု တန်ဆောင်မုန်းလကြီးမှာ လာရောက်မြည်တမ်းနေသည်။

"ဥသြ ဥသြ"

ငွေအိုးသည် မော့ကြည့်၏။ တိမ်ဖြူတစ်ဆုပ်သာရှိသော အပြာရောင် လွင်ပြင်ကြီးထဲသို့ လေတံခွန်တစ်ခုတက်လာသည်။ ပန်းဖွားတွေ တလွင့်လွင့်ဖြင့် မိန်းမပြတ်နှယ် ဣန္ဒြေရှိလွန်းသည်။ လေတံခွန် တစ်ခုလုံးမှာ အနီရောင်ဖြစ်ပြီး တစ်ဖက်တစ်ချက်ရှိ ပန်းဖွားတွေမှာ အစိမ်းရောင်ဖြစ်ရာ လေသင့်၍ တဖွားဖွားလွင့်နေပုံမှာ ကျက်သရေ ရှိလှသည်။

ဣန္ဒြေရသော လေတံခွန်သည် သည်တိုင်းမနေ ပန်းဖွားနှစ်ဖက် တလွင့်လွင့်ဝေလူလျက် ထန်းတစ်ပြန်ခွဲမျှအထိ တငြိမ့်ငြိမ့် တက်သွားသည်။ သို့စဉ်တွင် ပန်းဖွားမပါသော ကုလားစွန် တက်လာသည်။ အငြိမ်မနေ၊ ဣန္ဒြေမရ၊ ထောင်တက်သွားလိုက်၊ ထိုးဆင်းသွားလိုက်ဖြင့် တရွေ့ရွေ့တက်နေစဉ် တစ်ချက်ထိုးဆင်းရာက ထန်းလက်တွေကို ဝင်တိုးသည်။

mgyoe.com

 mgyoe.com


"သွားပြီ"

စွန်သာမက စွန်ကြိုးပေ တစ်ရာခန့်ပါ ဆုံးရှုံးသွားပြီ။ သို့တစေ သူ့အလျင်က တက်လာသော မြန်မာစွန်လေတံခွန်မှာမူ ပန်းဖွားတွေ တဝေဝေဖြင့် ငြိမ်သက်နေသည်။

ငွေအိုးသည် ထန်းပင်ရင်းသို့လာကာ ကုလားစွန်ကို မော့ကြည့်သည်။ ပန်းဖွားမပါ အမြီးမပါသောစွန်သည် ထန်းပင်နှင့် တစ်လံကျော် ကျော်ကွာသွားလိုက်၊ ပြန်ကပ်လိုက်ဖြစ်နေသည်။ လေတိုက်လျှင် ကြိုး တစ်ဆုံးလွင့်သွားသော ကုလားစွန်သည် ငွေအိုးကို ကလူနေ မြှူနေသည်။

"မအေလေတံခွန်"

ငွေအိုးသည် အူယားလာသည်။ ကုလားစွန်ကို ခဲဖြင့်ပစ်သည်။ ငွေအိုးမှာ လက်မှန်းတည့်သူ ဖြစ်သောကြောင့် ကုလားစွန်ကို ထိသည်။ သို့တစေ ကြိုးမပြတ်သဖြင့် ပြုတ်မထွက်။ ထိုအခါ မအေလေတံခွန် ဟု မအေနှင့် ကိုင်တုတ်သည်။ သည်အရပ်၌ မြန်မာစွန်၊ ကုလားစွန် အားလုံးကို 'လေတံခွန်' ခေါ်သည်။

ငွေအိုးသည် ထပ်မံပြီးမော့ကြည့်ပြန်ကာ တုတ်တစ်ချောင်းဖြင့် ပစ်သည်။ ပစ်သောတုတ်သည် လေတံခွန်၌ တန်းလန်းရှိနေသော ကြိုးကိုဆိပြီး လုံးထွေးသွားပါက ထန်းနို့တွင် ငြိနေရာကလေတံခွန်သည် ပြုတ်ကျလာတန်ရာ၏။

သို့တစေ ငွေအိုးပစ်သော တုတ်သည် ကြိုးကို ထိရုံသာထိပြီး ထန်းလက်ကြား၌ ညပ်နေ၏။ ပြန်မဆင်း ငွေအိုးထပ်မံပြီး ဆဲသည်။ ထို့နောက်စောင်းကန်းစောင်းကန်းကြည့်လျက် လေတံခွန်ငြိနေသော ထန်းပင်ကို ကျောခိုင်းထွက်ခွာလာသည်။

လေသည်ငြိမ်နေရာက ဖြူးသည်။ ဖြူးရာက တိုးဆင့်ပြီးဖျန်းသည်။ ရွာတံခါးဝသို့ ရောက်လာပြီ။ လေတံခွန်ကို ငွေအိုး သံယောဇဉ်

mgyoe.com

mgyoe.com


မပြတ်။ တစ်ချက်လှမ်းကြည့်သည်။

"ဟ. . .ဟ"

အော်မိသည်။ မျက်လုံးပြူး ကြည့်မိသည်။

ဟ ဟ အော်မိခြင်းမှာ လေအဟုန့်တွင် ထန်းပင်နှင့်တစ်လံခန့်သာ ကွာခဲ့သော လေတံခွန်သည် နှစ်လံအကွာသို့ ရောက်နေပြီ ထင်သော ကြောင့်ဖြစ်၏။ မျက်လုံးပြူးပြီး ကြည့်မိခြင်းမှာ စိတ်အထင်လော၊ အမှန် လော ကွဲပြားစေရန်ဖြစ်သည်။

လေတံခွန်သည် လေအဟုန့်တွင် ထန်းပင်နှင့်တစ်လံကွာသို့ လွင့် နေရာမှ နှစ်လံကွာသို့ တိုးပြီးလွင့်သည်။ လေအငြိမ်တွင် အောက်သို့ တစ်လံကျော်အောင် ကျသည်။ ထို့နောက် မြေကြီးပေါ်သို့ ဗုန်းဗုန်းကျ ကာ ငြိမ်သက်သွားသည်တွင် ဝမ်းသာအားရပြေးကောက်မိသည်။

သို့သော် လေတံခွန်မှာ မြန်မာစွန်မဟုတ်။ ကြိုးဖြင့် အဖြစ်မျှသာ ဆွဲပြီး စက္ကူကပ်ထားခြင်း ဖြစ်သည်။ ဟိုထိုးသည်ထိုးဖြင့် မကျွမ်းကျင် သူတို့နှင့် လုံးဝမသင့်တော်သော လေတံခွန်မျိုးဖြစ်သည်။

"ထောပြီကွ ဟေး"

ငွေအိုးသည် လေတံခွန်ကို ပြေးကောက်သည်။ ထိုအခါကျမှ လေတံခွန်တွင် နောက်ထပ် အပ်ချည်ကြိုး ပေနှစ်ဆယ်ကျော်မျှ ပါရှိ နေသေးကြောင်း သိရသည်။ သို့ဖြစ်၍ ငွေအိုးသည်အမြူးတွင် အရွှင်ဆင့် လျက် ရွာထဲသို့ဝင်လာသည်။

ငွေအိုးတို့အိမ်မှာ တိတ်ဆိတ်နေငြား ခြေရင်းရှိ အိမ်ကလေးထဲမှ မီးခိုးထွက်နေသည်။ သို့ဖြစ်သောကြောင့် အိမ်တွင်အနည်းဆုံး အမေ တော့ရှိမည်။ အစ်မ မြသွယ်နှင့် အဖေ ဦးသက်တို့မှာ ယာထဲသို့သွားနေ ကြသည်ထင်၏။

မည်သို့ဖြစ်စေ လောလောဆယ်တွင် အဖေနှင့်အစ်မသည် ငွေအိုး

mgyoe.com

mgyoe.com


ခွန်ကို ကွပ်ပျစ်ပေါ်သို့ ပစ်တင်လိုက်မှ ငွေအိုးစိတ်ညစ်သွားသည်။

လေတံခွန်မှာ ရှည်ရှည်အပေါက်တစ်ပေါက်နှင့် ဝိုင်းဝိုင်းအပေါက် နှစ်ပေါက်ပါသည်။ အပေါက်တွေမှာ လေတိုးတိုင်းကျယ်နိုင်သည်။ သို့ကြောင့် လက်လွှဲ၍သော်မျှ မဖော့ယမ်းရဲ။ စုတ်နေသော နေရာ၊ ပြဲနေသော နေရာများကို အမြန်ဆုံးဖာရမည်။

လေတံခွန်၏ ပြဲသောနေရာများကို ဖာထေးရန်ကော်လိုသည်။ ကော်သည် ဆေးလိပ်ခုံမှာသာရှိသည်။ အိမ်တွင် ကော်နှင့်အနီးစပ်ဆုံး တူသောအရာမှာ ထမင်းလုံးသာရှိသည်။ ထိုထမင်းလုံးကို မီးဖိုထဲရှိ ထမင်းအိုးထဲမှသာ ရနိုင်မည်။

သို့ဖြစ်သောကြောင့် အိမ်ခြေရင်း မီးဖိုထဲသို့ငွေအိုးဝင်သည်။ တဲထဲ၌ အမေရှိသည်။ အမေသည် ယခုမှထမင်းအိုးငှဲ့နေသည်။

"ဒုက္ခပါပဲကွာ၊ အမေတို့က စောစောကတော့ ထမင်းမချက်ဘူး"

ငွေအိုးသည် တီးတိုးပြောလျက် ဆုတ်ခွာလာသည်။ ကွပ်ပျစ်ပေါ် အရောက်၌ လေတံခွန်ကို ကြည့်မိပြန်သည်။ ထိုအခါဝယ် ငွေအိုးရင်ထဲမှာ ယားကျိကျိ ဖြစ်လာသည်။ သို့သော် မည်သည့်ကြိုးဖြင့် လွှတ်မည်နည်း။ အတွေးဝင်လာသောအခါ စိတ်ပြောင်းသွားသည်။

"ဟုတ်တယ်၊ ကြိုးတိုတိုလေးနဲ့ ဘယ်လိုလုပ်ပြီး လွှတ်မတုံး၊ အို လမ်းလျှောက်ပြေးရင် ရသားပဲ"

"အမယ် ကိုယ်တော်ချောက အိမ်ကပ်ပြီး ငြိမ်နေပါကလား"

မမျှော်လင့်သော အမေ့အသံဖြစ်သည်။ အမေသည် ထမင်းအိုး နှပ်ပစ်ခဲ့ကာ အပြင်သို့ထွက်လာစဉ် ငွေအိုးကိုမြင်သွားသည်။ ကျောင်း ဖွင့်ရက်တွင် ကျောင်းသွားငြား၊ ကျောင်းပိတ်ရက်တွင် ကိုးကုန်းကိုးကျင်း လျှောက်မွှေနေသူကို အိမ်မှာတွေ့ရသဖြင့် တအံ့တသြ ပြောခြင်းဖြစ်သည်။

"အမေ ဘယ်သွားမလို့တုံး"

mgyoe.com

mgyoe.com


"ဟင်းချိုရွက်ကလေး ဘာလေး ထွက်ခူးမလို့ဟဲ့၊ ဟဲ့ ဩော် အိမ်စောင့်ရင်းနဲ့ ဆွမ်းလောင်းလိုက်စမ်း၊ အမေပြန်မလာမချင်း ဘယ်မှမသွားနဲ့နော်"

"ဟုတ်ကဲ့ အမေ၊ ဟုတ်ကဲ့"

ဒေါ်မြ၏ ထမင်းအိုးကို မျက်စောင်းထိုးနေသူမှာ လွန်စွာသဘောကျသွားတော့သည်။ သူခိုးကို တိုက်စိုးနှင်းဘိသို့ ငွေအိုးကို တာဝန်ပေးပြီးဒေါ်မြ ထွက်သွား၍မှ ငါးအိမ်မကျော်သေးမီ မီးဖိုတဲထဲသို့ ငွေအိုးဝင်ပြီး ထမင်းအိုးကိုလှန်ပြီး ထမင်းစေ့တွေယူသည်။

"အမယ်လေးဗျ၊ သေရချေရဲ့ဗျ"

အငွေ့တထောင်းထောင်းထနေသော ထမင်းစေ့တွေကို လက်ညှိုး၊ လက်ခလယ်ဖြင့် သွားထိုးမိသော ငွေအိုးမည်မျှအော်စေကာမူ အပူမလျော့ပါ။ မီးဖိုတဲကလေးအတွင်း၌ ထမင်းစေ့တွေ မွစာမွစာကြဲကုန်စေကာမူ ငွေအိုးမအေးချမ်းပါ။

အမေရှ ဆွမ်းခူးပြီးလောင်းရန် မှာကြားသွားစေကာမူ ငွေအိုးမေ့ပြီ။ ထမင်းစေ့ပူပူလောင်လောင်တွေကို ကွပ်ပျစ်သို့ ယူလာသည်။ စက္ကူတော့်ပြဲနေသော လေတံခွန်ကို ကော်ကပ်ရန်အတွက် ပိုသောစက္ကူ ရှိမှဖြစ်မည်။ ထို့ကြောင့် ဟိုဟိုသည်သည်ကြည့်ရာ ဖဲထီးသံကိုင်းတွင် စွပ်ထားသောပြေစာကို လှမ်းမြင်သည်။ သို့သော် ထိုပြေစာကို ခုန်ဆွဲ၍ မမီသဖြင့် ငွေအိုးသည် အနီးဆုံး ကျောင်းလွယ်အိတ်ထဲ လက်နှိုက်ပြီး ဖတ်စာအုပ်ကို ဆွဲဆုတ်လေသည်။

ဖတ်စာအုပ်ထဲမှ စာရွက်တစ်ရွက် ဆုတ်၍ပါလာသော်ငြား ထမင်းလုံးသည် ထိုစာရွက်နှင့် လေတံခွန်စက္ကူပူးကပ်နေအောင် လုပ်မပေးနိုင်ပါ။ စက္ကူနှစ်မျိုးက တခြား၊ ထမင်းလုံးကတခြား ဖြစ်နေကြသည်။

ဖတ်စာအုပ်ထဲမှ ငွေအိုးဆွဲဆုတ်လိုက်သော စက္ကူကကြမ်းသည်။
mgyoe.com

mgyoe.com


ဖတ်စာအုပ်ထဲမှ ငွေအိုးဆွဲဆုတ်လိုက်သော စက္ကူကကြမ်းသည်။ ထူသည်။ လေတံခွန်စက္ကူက တကယ့်ပါးပါးလေး။ ကွပ်ပျစ်တစ်ခုလုံးသာ ထမင်းစေ့တွေ ပေပွနေ၏။ ငွေအိုး အလကားရလာသော လေတံခွန်ကား ကြမ်းပြင်ပေါ်မှ ကွခန်းသို့မရောက်။

လှည်းတစ်စီး လှည်းစာငတ်သောအသံဖြင့် မောင်းလာသည်။

"ဟာအရေးထဲမှာ လှည်းစုတ်ကတမှောင့်"

ငွေအိုးညည်းလိုက်ဆဲတွင် ထိုလှည်းသည် အိမ်ဝိုင်းထဲသို့ ကွေ့ဝင်လာသည်။ ကွပ်ပျစ်ဆောင်တွင် ထိုးရပ်သည်။ လှည်းပေါ်တွင် ပြောင်းဖူးပင်တွေ အပြည့်။

"ပြောင်းဖူးတန်းလန်းနဲ့ ရိတ်လာရသလား"

မီးဖိုတဲထဲမှ ဒေါ်မြထွက်လာပြီး ပြော၏။

"အဲသာတော့ အဖေ့ကိုပြောပေတော့ အမေရေ"

"နင့်မေကလွှားတဲ့ ကြက်တူရွေးကတစ်မျိုး၊ ခွေးကတစ်မျိုးနဲ့ ဥစ္စာကို ဘယ်သူသွားစောင့်မှာတုံး"

"တော်တို့ သားအဖတွေရှိသားပဲ"

"အေး နေ့လယ်နေ့ခင်းမှာ ငါတစ်လှည့်၊ လုံမလေးတစ်လှည့် စောင့်နိုင်သယ်ထား၊ ညကြီးသန်းခေါင်ကျတော့ ဘယ်နှယ့်လုပ်မတုံး၊ အဲသာကြောင့်"

သို့နှယ် ဦးသက်ကရှင်းပြသောအခါ ဒေါ်မြမငြင်းသာပေ။ ယာနီးချင်းအေးဆောင်ကား ရှိပါ၏။ အေးဆောင်သည် ကျေးနှင့်ခွေးကို ကြောက်သောကြောင့် ပြောင်းမကြဲ။ သို့ပါလျက်ကို သူတစ်ပါးအခင်းကို သူကိုယ်တိုင်က မြသွယ်တို့အခင်းမို့ စောင့်သည်ထား။ သူ့အမေ ဒေါ်သော့ကဲ့ သဘောတူပါမည်လော။

သို့ဖြင့် အငြင်းမပွား၊ အခင်းမများဘဲ ပုဆိုးခြုံထဲက ရေနွေးအိုး

mgyoe.com

mgyoe.com


ထုတ်ပေးနေစဉ် ကွပ်ပျစ်ပေါ်ရှိ မောင်နှမနှစ်ယောက်မှာလည်း လေတံခွန်တစ်ခုနှင့် အလုပ်များနေကြ၏။ ငွေအိုး၏ အစ်မမြသွယ်မှာပင်လည်း ငွေအိုးနှင့်ထူးမခြားပါပေ။

"သည်တိုင်းကပ်ရင် မြဲမှာ မဟုတ်ဘူးဟ"

ထမင်းလုံးသည် စေးကပ်စေကာမူ စက္ကူနှစ်ချပ်ပူးနေအောင်ကား မစွမ်းဆောင်နိုင်ပေ။ သို့အတွက် မြသွယ်သည် ထမင်းလုံးကို ကြမ်းပေါ်တွင် လက်မဖြင့်ဖိပြီး ခြေသည်။ ထမင်းစေ့မှ အသွင်ပြောင်းသွားသော ထမင်းကော်သည် ထမင်းစေ့ထက် စေးသော်ငြား။ ရေ့ကပ် နောက်ကလန်ဖြစ်ကုန်သည်။ စွဲစွဲမြဲမြဲမရှိပေ။

"ရှုပ်ပါသယ်ဟယ်၊ ကိုအေးဆောင်ဆီသာ သွားပါဟယ်"

ကိုအေးဆောင်ဆိုသူကား မြသွယ် ဆိုးသမျှ နွဲ့သမျှခါးစည်းပြီး ခံနေသော ယာနီးချင်းဖြစ်သည်။ မြသွယ်ကို တစ်နှယ်ငင်သောအခါ ငွေအိုးပါတစ်စင်ပါရတော့သည်။

"အစ်မပါ လိုက်ခဲ့ဟာ"

"ငါတော့ မလိုက်နိုင်ဘူးဟေ့၊ မင့်ဘာသာမင်း သွားချင်သွား၊ မသွားချင်နေဟေ့၊ နင့်သဘောပဲ"

မြသွယ်သည် ပြောပြောဆိုဆို ကွပ်ပျစ်ပေါ်မှ ဆင်းသွားတော့သည်။ မည်မျှပင် ဆိုးမျိုးခံသူ ဖြစ်စေကာမူ၊ ချွေးသံအလိမ်းလိမ်း ပြောင်းရွက်ခြောက်နှင့် ဖုန်အလူးလူးဖြင့်ကား ချစ်သူရှေ့သို့ မသွားလိုပေ။ ထို့ကြောင့် လက်လှန်လိုက်ခြင်းဖြစ်ပေသည်။

ငွေအိုးကား လေတံခွန်ကိုသာသိသည်။ သမီးရည်းစားတို့၏ သဘောသဘာဝကို မသိပေ။ သို့အတွက် ဖာမည့်စက္ကူကို လက်တစ်ဖက်ဖြင့် ကိုင်ပြီး ကျန်တစ်ဖက်ဖြင့် လေတံခွန်ကြိုးကို ဆွဲလျက်ပြေးတော့သည်။ မျက်စိနောက်သော ခွေးအချို့က လှမ်းဟောင်သည်။ တစ်ကောင်

mgyoe.com

mgyoe.com



ငွေအိုး၏ အာရုံတွင် လေတံခွန်ပထမ အေးဆောင်ဒုတိယဖြစ်နေရာ လိုက်ဆွဲသော ခွေးကိုလည်း မသိပေ။ အေးဆောင်၏ မိခင်ဒေါ်သော့သည် မီးဖိုကျင်းထဲတွင် မီးခိုးတလုံးလုံး၊ မီးပလွေသံတညံညံဖြင့် တစ်ယောက်တည်းအလုပ်များနေသည်။

"အမေကြီး ကိုအေးဆောင်ကော"

"ယာထဲသွားသယ်၊ ဒီမှာ မီးမတောက်လို့ လာမှုတ်ပေးစမ်း"

ငွေအိုးမှာ အေးဆောင်ကိုမခိုင်းရမီ ဒေါ်သော့၏ အခိုင်းခံလိုက်ရသည်။ သို့သော် ငွေအိုး၏မှုတ်အားကြောင့် မီးထတောက်ချိန်နှင့် အေးဆောင် လှည်းမောင်းပြီး ဝင်လာချိန်တို့ တိုက်ဆိုင်နေသဖြင့် ငွေအိုးဝမ်းသာသွားသည်။ အေးဆောင်ကလည်း လေတံခွန်အစုတ်ကို မြင်ရသဖြင့် ငွေအိုးရောက်နေပြီဟု ကြိုတင်သိသည်။

"ဟောသည်မှာ လေတံခွန်ရယ်၊ လေတံခွန်ဖာဖို့စက္ကူ"

နွားနှစ်ကောင်ကို တင်းကုပ်ထဲသို့ သွင်းရုံသာ ရှိသေးသည်။ ငွေအိုးရောက်လာပြီ။

"ကော်မပါဘူးမဟုတ်လား၊ ရွာထိပ်က မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါး လေးငါးမျှင်သွားတောင်းချေ"

"အဲသည် မိန်းမကြီးက တိုသယ်ဗျ"

"တိုတိုကွာ၊ ရအောင်လုပ်ခဲ့၊ မရရင် ဘာနဲ့လုပ်မှာတုံး။ သွားသွား"

ငွေအိုးသည် မြသွယ်၏ မောင်ဖြစ်သည်။ အေးဆောင်ငြင်းလိုက်လျှင်မြသွယ်၏အငြိုအငြင်ခံရမည်။ သို့အတွက် ငွေအိုး ယူလာသည့် စာရွက်ဖယ်ပြီး လိုရမည်ရထားသည့် 'လျှာပေါ်ဝဲ' မုန့်ထုပ် စက္ကူကို ထည့်သုံးပေးလိုက်သည်။ အမျိုးအစားတူသည့် စက္ကူနှင့်မှအဆင်ပြေမည်။

ဟုတ်ပါသည်။ အေးဆောင်က ကော်အဖြစ် အသုံးပြုသော

mgyoe.com

mgyoe.com


မုန့်ဟင်းခါးမုန့်ဖတ်သည် ကော်အစစ်နီးပါးကောင်း၏။ လျှာပေါ်ဝဲ မုန့်ထုပ်စက္ကူသည် လေတံခွန်စက္ကူအမျိုးအစားဖြစ်သည်။ သို့ဖြစ်သောကြောင့် လမ်းလျှောက်ပြေးသော ငွေအိုး၏ လေတံခွန်သည် ကုလားစွန်နှယ်လုပ်ထားပါလျက် ဟိုထိုး သည်ထိုး မထိုး၊ ထိုးမည့်ထိုးတော့ မန်ကျည်းပင်တွင် ငြိတော့သည်။

ငွေအိုးသည် လေတံခွန်အစုတ်မခံနိုင်။ ငြိလျှင်ငြိချင်းလျှော့ပေးသည်။ မန်ကျည်းပင်ခြေရင်းသို့ ပြေးကပ်သည်။ အခေါက်တွေ အပွေးတွေနှင့်ခက်လက်များသည် ငွေအိုးအတွက် အားဆေးဖြစ်သည်။ အပွေးတွေကိုနင်းပြီး အကိုင်းတစ်ကိုင်းဆွဲသည်။ မန်ကျည်းတစ်ညှို လူတစ်ကိုယ်ဟူသော စကားအားကိုးဖြင့် လေတံခွန် ငြိနေသော ကိုင်းဖျားအရောက်လာသည်။

လေတံခွန်သည် မဖြစ်စလောက် ကြိုးကလေးဖြင့် မြူးနေသည်။ နနယ်နယ်စက္ကူမစုတ်စေရန် ကိုင်းဖျားအထိလာသည်။ လေတံခွန်လက်အလှမ်းတွင် လူရောလေတံခွန်ပါ နိမ့်ဆင်းသွားသည်။ မန်ကျည်းကိုင်း ကြက်ပေါင်ပဲ့ကျခြင်းဖြစ်သည်။

ငွေအိုးမှာ ပွန်းပဲ့ဒဏ်ရာသော်မျှ မရ။ သို့ပါလျက်နှင့် အေးဆောင်မှာ အမဲခံရသည်။

"တော် မျက်နှာလွှဲ ခပ်စပ်လုပ်လို့ ကျုပ်မောင်လေး၊ မန်ကျည်းပင်ပေါ်က လိမ့်ကျသာ"

ထိုအကြောင်းပြချက်ဖြင့် အေးဆောင်ကို မခေါ်ဘဲနေသည်။ အေးဆောင်မှာ ဘုမသိဘမသိဖြင့် တစ်လခန့် အငြိုးငြင်ခံလိုက်ရသည်။ ။

Cityမဂ္ဂဇင်း ၄နှစ် ၂၀၁၅။

mgyoe.com

mgyoe.com

## ပွေးမှဆိုးတွေ

"တကူး. . .ကူး. . .ကူး. . ."

ချိုးကူသံသည် နေ့သစ်နှင့်အတူ အေးဆောင်ကိုကြိုဆိုလျက်ရှိသည်။ အေးဆောင်သည် မီးသွေးခဲဖြင့်သွားတိုက်ရင်း "ကနေ့ ဘယ်ကိုသွားရမတုံး" စဉ်းစားသည်။ ဒေါ်ဖော့ ယာဘေးရှိပျားစွဲက အာရုံထဲ၌ပေါ်လာသည်။ ပျားကောင်တွေတရွရွသွားနေသော ပျားသလက်ကြီး။

အေးဆောင် ကယောင်ကတမ်းထရပ်မိပြီးမှ "မဖြစ်သေးဘူး" မြည်တမ်းကာ ပြန်ထိုင်သည်။ သည်ပျားစွဲက ပျားရည်ဘယ်နှပုလင်းရမည်နည်း။ လွန်ရောကျွံရောရလှ ငါးပုလင်း။ တစ်ပုလင်း ငါးရာရမှ နှစ်ထောင့်ငါးရာ။

ယာထဲက မြေပဲခင်းကြီးမှာ ကောင်းလိုက်သမျှ မှောင်နေသည်။ မထွက်ဘူးဆို တစ်ဧကေ ရှယ်ဆယ်ပဲထွက်ဦး လေးရာပြေးမပွေတ်။ သို့သော် တစ်လခန့်ကားစောင့်ရမည်။ ဒီအထဲတွင် ပွေးကို သတိထား။ ပွေးဝင်လို့ကတော့ ငါးပါးသာမက သံဃာစင်တစ်ခုလုံးမှောက်ချေမည်။

ပွေးအကြောင်းတွေးမိသော အခါ လှသက်ခိုင်၏အဖေ ဦးသက်၏မျက်နှာကြီးပေါ်လာသည်။ ဆဲသံဆိုသံများ ကြားယောင်လာသည်။

mgyoe.com

ယာခရိုးဟူ၍ ထန်းပင်ပေါက်ကလေးတွေသာရှိသည်။ သူလည်းမြေပဲသမားဖြစ်သည်။

"ငါ့မြေပဲ ကောင်းလှချည့်ဆိုပြီး ဝမ်းသာမနေနဲ့ဟေ့၊ ပွေး. . . ပွေး. . .၊ ပွေးသာဝင်လိုက်လို့ကတော့ကွာ"

သူ့ဝသီအရ ဆဲလိုက်သေးသည်။ ဆဲပြီးမှ ဆက်ပြောသည်။

"ဘာပြောကောင်းမလဲကွာ၊ တစ်ချီတည်းထိုင်ငိုရမှာ"

သို့ကြောင့် ဘာဘာညာညာတွေးရန်မလို။ ယာထဲသို့သွားရမည်။ ယာထဲထက် အရေကြီးသော ကိစ္စမရှိ။ ဘယ်ကိုသွားမည်ဟူသော ဆုံးဖြတ်ချက်ကျလာပြီဖြစ်သဖြင့် မတ်တတ်ထရပ်ရင်းက မျက်နှာကို ခါးရှိပုဆိုးဖြင့်သုတ်သည်။

"ယာထဲသွားမလားလူလေး"

အမေသည် မီးဖိုကျင်းထဲမှ တက်လာပြီးမေးရာက "ဘာမှမရှိဘူးလူကလေး၊ ရွာထိပ်မှာ ငါးပေါင်းကြော်ဝယ်စားသွား၊ အမေ ပိုက်ဆံပေးလိုက်မယ်" ပြောသည်။

"ဟုတ်ကဲ့အမေ. . .ဟုတ်ကဲ့"

"ထမင်းကြီးတော့ လူကြုံပေါ့သားရယ်"

အေးဆောင်သည် "ဟုတ်ကဲ့" ပြောမိသလား၊ မပြောမိသလား မသိပါ။ လှည်းပေါ်တက်အိပ်နေသော ဝိုင်းလုံးအပေါ်သို့ ခမောက်နှင့်ဓားပစ်တင်ပြီးနောက် နွားနှစ်ကောင်ကို ဝင်ဆွဲသည်။ နွားနှစ်ကောင်မှာ နားချိန်ရှည်သဖြင့် လက်ပန်းပေါက်ခတ်နေကြသည်။

နွားနှစ်ကောင်သည် လှည်းကိုဝန်အဖြစ်သဘောထားပုံမရ။ ခြေလှမ်းသွက်နေသောအခါ ဆွဲပြေးသည်ထင်ရ၏။ အမေသည် ရွာထိပ်ရှိငါးပေါင်းကြော်သည်ထံမှ ငါးပေါင်းကြော်ဝယ်စားသွားရန် ပိုက်ဆံပေးလိုက်သလော။ ပေးလိုက်လျှင် အဘယ်မှာနည်း။

mgyoe.com

ရွာထိပ်မှထွက်မိသည်နှင့် အေးဆောင်ဦးစွာရင်ဆိုင်ရသော အရာမှာ လေပွေဖြစ်သည်။ နံနက်ခင်း၏အအေးဓာတ်သည် ရှိသင့်သလောက် ရှိသေးငြား လေပွေကထချင်နေသည်။ တမာရွက်ခြောက်များ၊ ကင်ပွန်းခါးရွက်ခြောက်များနှင့် ကုက္ကိုရွက်ခြောက်များသည် ဝဲလှည့်ချင်နေကြသည်။

"ခုနစ်နာရီလောက်ပဲ ရှိသေးသယ်၊ လေပွေက ထချင်နေပြီ"

အေးဆောင်၏မြည်တွန်သံပေါ်ရုံရှိသေးသည်။ အမှန်ပင် တမာပင်အောက်က လေပွေလှုပ်၏။ လေပွေထတော့မည့်ပုံဖြင့် တမာရွက်ခြောက်တွေ ဝဲလှည့်ထကြွ၏။ သို့သော် တစ်ပတ်ပြည့်အောင်ဝဲမလှည့်ရ၊ ငြိမ်သွားသည်။

"အရေးထဲမှာ သည်နွားတွေက တစ်မျိုး"

သည်မျှဝဖြိုးနေအောင် စားနေရပါလျက် လမ်းဘေးရှိချုံကို ပါးစပ်သရမ်းသည်။ ရွာခရိုး နဘူးချုံတန်းနှင့် အလှည့်သင့်သူက အသာအယာလှမ်းဆွဲသည်။ ရွာခရိုးဘက်အလှည့်မသင့်သူက မြေမှာကပ်ပေါက်နေသော ဆင်ငိုမြက်ကို ကုန်းဟပ်သည်။

"သည်နွားတော့ နာတော့မှာပဲ၊ ဟာ. . .ဟာ. . ."

အေးဆောင်သည် ဆင်ငိုမြက်ကုန်းဟပ်နေသည့်နွားကို ရိုက်ရန်အတွက် နှင်တံကို လှမ်းအကိုင်တွင် ဝါးနှစ်ပြန်ကွာမှ သံစုံမြည်ဟည်းလျက် ပြေးလွှားလာသောလေပွေကြီးတစ်ခုကို မြင်လိုက်ရသဖြင့်လှည်းကိုပြန်ကွေ့၏။ သူ့ထံသို့ပြေးလာသောလေပွေမှာ လူ့တစ်ဖက်စာရှိသည်။

လေပွေတို့၏သဘောမှာ မြန်မာကုက္ကိုသီးခြောက်တွေ၊ သစ်ရွက်ခြောက်တွေသည် လေပွေလုံးထဲသို့ ဆူညံစွာပါဝင်လာကြသည်။ လှန်းထားသော အဝတ်ပါမကျန်ဆွဲစုပ်ပြီး ကြီးလာလား လာသည်။ သက်ယဉ်

mgyoe.com

mgyoe.com

ပျစ်၊ ထန်းရွက်ပါမကျန်ဝဲလှည့်သည့်အထဲသို့ ဆွဲစုပ်ရာက ဖြုတ်ခနဲရပ်သွားလားရပ်သည်။

သို့အတွက် လေပွေကို ခန့်မှန်းရခက်သည်။ သို့ကြောင့် လှည်းကို လေပွေနှင့်ဆန့်ကျင်ထားလိုက်ရာ အေးဆောင်မှန်သွားသည်။ လေပွေသည် အေးဆောင်၏ခမောက်၊ ခေါင်းပေါင်းပုဆိုးသာမက အေးဆောင်ခါးဝတ်ပုဆိုးပါ ချွတ်ယူနေသဖြင့် မနည်းကုတ်ကတ်နေခဲ့ရသည်။ ယခုကဲ့သို့ ကိုယ်တွေ့ကြုံတော့မှ လေပွေသည် မည်မျှဆိုးရွားကြောင်း သိတော့သည်။

သို့သော် နေမပူသေးမီ လေပွေထခြင်းကား လွန်သည်။ လမ်းတစ်လျှောက်လုံးတွင် အချို့နေရာ၌ ပြောင်တလင်းခါနေ၏။ တချို့နေရာမှာသော်ကား အမှိုက်တွေ စုပုံနေသည်။ သည်အံ့ဖွယ်ကို ဂရုပြုသောကြောင့် သူတစ်ပါးပိုင်နက်ထဲက ပွေးစုန့်ကို အေးဆောင်မြင်ခြင်းဖြစ်သည်။

"ဟာ. . .နည်းတာကြီးမဟုတ်ဘူးဟ"

ပွေးစုန့်သည် မြသွယ်တို့ယာထဲ၌ရောက်နေငြား ထန်းပင်ပေါက်ကလေးတစ်ပင်ဘေးတွင် ကပ်ပြီးအစုန့်ထိုးထားခြင်းဖြစ်သည်။ ထန်းပင်ပေါက်ကလေးနှင့် ပွေးစုန့်မှာမြသွယ်တို့ယာထဲတွင် ရှိသည်ဆိုရငြား အေးဆောင်၏ယာနှင့်ကပ်နေသည်။

အေးဆောင်သည် နွားနှစ်ကောင်ကို ချွတ်ထားခဲ့သည်။ ပွေးစုန့်ကို ဆောင့်ကြောင့်ထိုင်လျက် စိမ်ပြေနပြေကြည့်သည်။

"ဘယ်ကဘယ်လိုရောက်လာသဲ့ပွေးလဲ"

အခြားနေရာတွင် ပွေး၏ခြေရာလက်ရာမတွေ့ဘဲ ထန်းပင်ရင်းမှာလာပြီး အစုန့်ထိုးခြင်းအတွက် အေးဆောင်အံ့ဩမိသည်။ ဤပွေးသည် ပွေးတွင်းတစ်ခုတည်းမှ ဘေးမသီရန်မခထွက်လာပြီး သည်နေရာမှာ

 mgyoe.com



အစုန့်ထိုးသလော။

ပွေးခြေရာတွေ့လိုတွေ့ငြား စေ့စေ့စပ်စပ်ကြည့်ဆဲတွင် ခမောက်ကိုခဲမှန်သည်။ ကုလားကုက္ကိုသီးမှည့် ကြွေကျခြင်းလော၊ သစ်ခက်ကြွေကျခြင်းလော။ ဒွိဟဖြစ်စရာတွေကြောင့် ဘာဘာညာညာ အေးဆောင်မတွေး။ လမ်းမှလာသလော၊ လမ်း၏ဟိုဘက်မှလာသလောဟု လှည်းလမ်းကိုကြည့်စဉ် မြေကြီးခဲတစ်လုံးမှန်ပြန်၏။

သည်တစ်ချီတွင်ကား ခမောက်မဟုတ်၊ ကျောကိုဖြစ်သည်။ စပ်စပ်ကလေးလည်း ထိသည်။

"နာတယ်နော်၊ ဘယ်သူတုံး၊ ငွေအိုးလား၊ မြသွယ်လား"

မြသွယ်မှာ ယာခင်းရှင်ဦးသက်၏ သမီးဖြစ်ပြီး ငွေအိုးမှာ သား။ တံခါးပွင့်မနေ၊ လှည်းမတွေ့သောကြောင့် လူမရှိဟုထင်သည်။ ယခုခဲဖြင့်ပေါက်ပုံကိုထောက်လျှင် ခြေကျင်လာသူတစ်ယောက်ယောက်ရောက်နေပြီ။

"မြသွယ်နော်"

အခြားသူများထက် မြသွယ်ဖြစ်ဖို့များသဖြင့် မြသွယ်၏အမည်ကိုသုံးခြင်းဖြစ်သည်။ သို့လျှင်အော်တော့မှ မျှော်လင့်မထားသော လက်သီးဆုပ်ရွယ်မြေစိုင်ခဲကြီးပြေးလာသည်။

"မြသွယ်နော်. . .မြသွယ်"

အနီးအနားမှာ ပစ်ခတ်ခြင်းဟုတ်ဟန်မတူ။ မူလခဲလုံးမှ တဖျောဖျောကြွေကျ ပဲ့ကျသံများ ကြားရပြီးမှ မြေကြီးခဲကြီးရောက်လာသည်။ ထိုခဲသည် ထန်းပင်ကိုထိကာ ကြေမွသွား၏။

"မြသွယ်နော်. . .မြသွယ်"

အေးဆောင် မည်မျှပင်အော်စေကာမူ မြသွယ်ကား ရောက်မလာပါ။ သို့ကြောင့် အေးဆောင်သည်ပွေးစုန့်ကို နည်းနည်းချင်းယက်ဖယ်

mgyoe.com

mgyoe.com

သည်။ မြေစာတွေကုန်စင်သွားသောအခါ မြေမှုန့်တွေပြည့်နေသော တွင်းကလေးတွေ့ရသည်။

"ဟူး"ခနဲ အေးဆောင် သက်ပြင်းချလိုက်တော့မှ ယာတံခါးဝသို့ မြသွယ်ရောက်လာသည်။ အေးဆောင်၏ယာတံခါးကို သံကြိုးပတ်ပြီးသော့ခတ်ငြား မြသွယ်တို့ဘက်မှုသော့မခတ်၊ တံခါးပင် မည်မည်ရရမရှိ။

"အလို. . .ပွေးစုန့်ကြီးပါကလား"

အေးဆောင်တွန်းဖယ်ထားသော မြေစာတွေကိုကြည့်ပြီးပြော၏။

"ကြောင်. . .ကြောင်. . .ဘယ်အထိကြောင်မလဲ"

အေးဆောင်ပြောသည်ကို နားမလည်ဟန်ဖြင့် ကြည့်သည်။

"ကိုအေးဆောင် ဘာပြောသာတုံး"

"ဘာမျှမပြောဘူး၊ အေးဆောင်ဆိုသဲ့ ကောင်ကလေးကမြသွယ်ဆိုသဲ့ကောင်မလေးကို ကြိုက်နေသယ်သဲ့"

"သေလိုက်ပေါ့တော်"

မြသွယ် မဲ့မဲ့ရွဲ့ရွဲ့ပြောဆဲတွင် အေးဆောင်ကကျုံးပွေ့သည့်အတွက် တံခါးဝအထိ မြသွယ်ထွက်ပြေးသည်။

"အဖေ လှည်းနဲ့လာလိမ့်မယ်"

"မလိမ်နဲ့နော်"

အေးဆောင်သည် ပါးကွက်ကျားမကလေး၏စကားကိုမယုံ။

"တော်နဲ့ လမ်းမှာမတွေ့ခဲ့ဘူးလား၊ သည်ပွေးစုန့်ကို ကျုပ်အပြင်က လှမ်းမြင်သယ်၊ အဖေလာရင်တူးမှာပဲဆိုပြီး လျှောက်သွားနေတုန်းတော်ရောက်လာသာ"

မြသွယ်၏စကားမှာ ယုံသင့်သည့်အတွက် "ပွေးစုန့်ကြီးတွေ့ပါလျက် မတူးရင် အဆဲခံရဦးမှာဟ' ဆိုကာ မြက်ခြောက်များကို လှောက်ဖွသည်။ အမှိုက်ထဲမှ သံတူရွင်းတစ်ချောင်းထွက်လာသည်။ သို့သော်

mgyoe.com

mgyoe.com

အေးဆောင်အမွေအဖွမရပ်သေး။

"ငန်းပြား ရှာမနေနဲ့၊ ခရမ်းချဉ်သီးလှန်းစင်ဆောက်ဖို့ဆိုပြီး အဖေ ယူသွားသာ အိမ်မှာပဲရှိမယ်"

ဤမြေကား ခရမ်းချဉ် အလွန်ကြိုက်သည်။ ကြောင်းဆွဲပြီး တစ်သီး တစ်သန့်မစိုက်ပါဘဲလျက် ယာစပ်တွင် လွှောက်ထိုးထားသော ခရမ်းချဉ်မှာ ဆွတ်၍မနိုင်။ ရောင်းမကုန်သောအခါ တစ်ပင်လုံးနုတ်ပြီး နေလှန်း ရတော့သည်။

ခရမ်းချဉ်ပဲဆကာ ပေါ့ပေါ့တန်တန်လုပ်လျှင် စင်ကျိုးကျသည်။ သို့ဖြစ်သဖြင့် ခရမ်းချဉ်ပင် လှန်းသည့်စင်ကို အခိုင်အခံ့လုပ်ကြရသည်။ သို့သော် အချို့ကား သဲပူတွင်နေလှန်းသည်။ လူတစ်ထောင်တွင် တစ် ယောက်ပင် ယိုထိုးမစားသောအရာဆိုကာ ပစ်ပယ်ကြပြား သည်ထဲတွင် ဒေါ်မြမပါပေ။

ထိုအခါ သံတူရွင်းဖြင့်တူး၍ ရသောမြေစာကို အေးဆောင်လက် ဖြင့် ကျုံးရသည်။

"ပွေးတွင်းက နင်တို့ယာထဲမှာဟ၊ လာဟာ. . .မြွသွယ်၊ မြေစာတွေ ကို နင်ကျုံးလှဟာ"

"မကျုံးနိုင်ဘူးတော်ရေ့၊ အဖေဆဲသာခံနိုင်ရင် ရပ်ထားလိုက်ပေါ့ တော်"

ယင်းသို့လည်း အေးဆောင်မလုပ်နိုင်ပေ။ ဝါသနာကိုက ပုတာတ်တွင်း တွေ့လျှင် တုတ်ဖြင့်ထိုးချင်သည်။ ကြွက်တွင်း၊ ပွေးတွင်းတွေ့လျှင် မတူးရ မနေနိုင်။ သို့ဖြင့် တူးသည်။ တူးသောကြောင့်ရရှိသော မြေစာကို လက်ခုပ် ဖြင့်ကျုံးပြီး ဖယ်ရှားသည်။ မြေစာ၏အောက်မှာ လိုဏ်ခေါင်းပေါ်လာ သည်။

အေးဆောင်တွေ့ဖူးသမျှ၊ မြင်ဖူးသမျှ ပွေးလိုဏ်ခေါင်းမှာ ပြောင်

mgyoe.com

mgyoe.com

ချောနေသည်။ ယခု ပွေးလိုဏ်ခေါင်းကား သစ်ရွက်ခြောက်ကလေးတွေ၊ အမွေးတွေ၊ အပွေးကလေးတွေနှင့်ဖြစ်သည်။

"သည်ပွေးဟာ နေရာဟောင်းမှာ စိတ်တိုင်းကျမနေရလို့ အသိုက်ပြောင်းလာသာထင်တယ်"

ပွေးတွင်း အခင်းအကျင်းကို ကြည့်ပြီး အေးဆောင်ထင်ကြေးပေးပြား မြသွယ် တစ်စုံတစ်ရာမပြော၊ စိုက်ကြည့်နေသည်။

"ငါထင်သာတော့ ပွေးလင်မယားဟ၊ လင်က မယားကိုယူယသာပဲဖြစ်ရမယ်"

"ပွေးသားအမိဖြစ်မယ်ထင်သယ်၊ နေရာဟောင်းမှာ နေရထိုင်ရသာကျဉ်းကျပ်လို့ နေရာသစ်လာလုပ်သာထင်တယ်"

အေးဆောင် ခေါင်းလည်းယမ်း၏။ မဖြစ်နိုင်ဘူးဟူ၍လည်း ပြော၏ ။

"သားအမိဆိုရင် သားအမိသားအဖသုံးကောင်ဖြစ်ရမှာပေါ့ဟ"

"အင်းလေ. . .အခုအနေအထားကတော့ သုံးကောင်မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်သတုံး"

ဒီအငြင်းအခုံကား အတော်နှင့်ရပ်ဖွယ်မရှိပြား နွားလှည်းတစ်စီးဖြုန်းခနဲပေါ်လာသောအခါ ရပ်ရတော့သည်။ မြသွယ်က နွားနှစ်ကောင်ဖြုတ်နေစဉ် ဦးသက်ကအေးဆောင်ဆားတွင် မားမားကြီးရောက်နေပြီ။

"ပွေးတွင်းကလေးတစ်တွင်း တူးနေလိုက်သာကွာ"

"ပွေးတွင်းထဲမှာ အမှိုက်တွေလို့ အရိုးသမိးနဲ့ငြင်းနေသာ"

"သမင်ချိုရှက်၊ပွေးတွင်းထွက်တဲ့ကွ"

"ဟုတ်ကဲ့"

အေးဆောင်သည် ဟုတ်ကဲ့နောက်တွင်'ကြားဖူးပါသယ်'ထည့်ချင်ပြား အဆဲခံရမည်စိုး၍ မထည့်ရဲ။ ထိုအခါ ဦးသက်က ဆက်ပြော၏။

mgyoe.com

mgyoe.com

"အဲသလိုရှိပေမယ့် တွင်းထဲကထွက်ပြီး အမှိုက်ရှာရင်းနဲ့ လမ်းပျောက်သွားတတ်သကွ"

"ဩော်. . .ဒီလိုကိုး"

အေးဆောင်မှာ တအံ့တသြရေရွတ်မိသည်။

"သာပေမယ့် သည်တွင်းထဲကပွေးကတော့ ကလေးပါကွာ၊ လမ်းဘက်ကထွက်ပြေးလာပြီး တွင်းလည်းတူး၊ အမှိုက်လည်းစုနဲ့၊ တူး. . . တူး. . .မင်းဆက်တူးရင် သည်ပွေး ပြေးမလွတ်ဘူး"

ပွေးအတွေ့အကြုံ သူ့ထက်သာသူနှင့်တွေ့သောအခါ အေးဆောင်မှာ ပါးစပ်အဟောင်းသားဖြစ်နေပေ၏။ ။

ငွေတာရီမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၅။

mgyoe.com

mgyoe.com

## ကိုကြာဉနှင့် သူ့သားတွေ

"အေးဘုံ ရာ၊ တော်ပါတော့ကွာ"

"မတော်နိုင်ဘူး"

"မတော်နိုင်ရင် ဆင်းတယ်ဟေ့"

ကိုကြာဉသည် ပါးစပ်ပြောဖြင့်သာမဟုတ်၊ လက်တွေ့ဆင်းမည့် ဟန်ဖြင့် လေးဘက်ထောက်ပြီးထသည်တွင် ထောက်ထားသည့် လက်နှစ်ဖက်ကို အေးဘုံမကဖြတ်ရိုက်သည်။ ကိုကြာဉခမျာမှာ ကြမ်းပေါ်သို့ ပြားပြားကြီးကျသွားလေ၏။

"ရှင့်ကို ဘယ်သူကအဆင်းခိုင်းလဲ"

"မင်းပဲမပြီးနိုင်မစီးနိုင် မြင်းအိုးပေါက်သလို တဗျစ်ဗျစ်နဲ့"

မအေးဘုံသည် ဖျတ်ခနဲကပ်လာသည်။ သူတစ်ပါးလင်မယားနှယ် ဗိုက်ခေါက်ကိုလိမ်မဆွဲ၊ ပခုံးကို ဖက်ကိုက်သည်။

"အမယ်လေးဗျ. . .သေပါပြီ၊ ကြောက်ပါပြီဗျ"

ကိုက်ထားရာမှလွှတ်သည်။ ငန်ငြိငြိအရည်တွေကို ကြမ်းကြားမှ ထွေးသည်။ မေးသည်။

"နောက်ကို အိမ်ပေါ်ကဆင်းမယ်ဆိုတဲ့စကားပြောဦးမလား"

mgyoe.com

mgyoe.com


မအေးဘုံသည် မေးလည်းမေး၊ ထပ်ပြီးလည်းကိုက်သည်။

"မပြော. . .မပြော၊ နို့ မင်းပဲမပြီးနိုင်မစီးနိုင်. . .မြင်း. . .အမယ်လေးဗျ. . .ကြောက်ပါပြီဗျ"

"အဖေကလည်းဗျာ. . .နားထောင်လို့ မကောင်းဘူး၊ ဘယ်နှခါပြောရမတုံး"

ကြဲကြဲဖန်ဖန် ကိုကိုကြီးတို့ ကျောင်းဆင်းချိန်နှင့်ဆုံနေသည်။ ကိုကိုကြီးက ဒုတိယတန်း၊ ကိုကိုလတ်က ပထမတန်း၊ ကိုကိုလေးက သူငယ်တန်း။ အိမ်ပေါ်သို့တန်းစီပြီးတက်လာသည်။ ကိုကြာဥမှာ ကပျာကယာထပြီး ကိုကိုလေး၏ကျောပိုးအိတ်ကိုဖြုတ်ပေးရ၏။

ကိုကိုလေးသည် ဖအေကိုရော မအေကိုပါ မသင်္ကာသောအကြည့်ဖြင့်ကြည့်သည်။ သူ့အဖေကို မည်သူ့ထိပါးပုတ်ခတ်သည်ကိုမှ သူသည်းမခံ။ တွေ့ရာကိုဆွဲပြီးဝင်ရိုက်သည်။ စောစောက မအေးဘုံဖက်ကိုက်နေပုံမျိုးဖြင့်မလွယ်။

သားတွေကျောင်းဆင်းလာသောအခါ မအေးဘုံငြိမ်သက်သွားပြီ။ အငယ်ဆုံးကောင်ကိုကြောက်၍ ဖြစ်သည်။ သို့ရာတွင် စိတ်ထဲမှာမူ မကျေမချမ်းသေး။ ကုန်ခြောက်သည် မမြင့်မေသည် ကိုကြာဥကိုခေါ်ခေါ်ပြီး အနှိပ်ခံသည်။

ကိုကြာဥမှာ မအေးဘုံနှင့်မညားမီက ဈေးကျွန်ဖြစ်သည်။ သူ၏ဘဝတူအဖော်များမှာ ရန်ကနား၊ လူအေးနှင့် တုတ်ကြီးတို့ဖြစ်သည်။ ဟိုဆိုင်ကခေါ်ခိုင်း၊ သည်ဆိုင်ကခေါ်ခိုင်းသည်ကို လုပ်ပေး၊ ပေးသမျှယူ၊ ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်သူများဖြစ်၏။

မမြင့်မေသည် အပျိုကြီးဖြစ်သော်လည်း ဆိုင်နီးချင်းအချို့ကမူ "ယပင့်နှင့်ပျိုတာမဟုတ်ဘူး၊ ရရစ်နဲ့ပြိုတာ" ဟု မကြားတကြားပြောကြသည်။ မကြားတကြားသာပြောရဲသည်။ ကြားတကြားပြောပါက အပျို

mgyoe.com

mgyoe.com


ပါးစပ်နှင့်မတန်သောစကားလုံးတွေ ထွက်လာလေ့ရှိသည်။

ထိုမမြင့်မေသည် ရန်ကနား၊ လူအေးနှင့်တုတ်ကြီးတို့ကိုခေါ်ပြီး အနိုပ်ခိုင်းသော်လည်း ကိုကြာဥကို ရှာ၍မရသောအခါကျမှသာဖြစ် သည်။ ကိုကြာဥလက်စွဲဖြစ်သော်လည်း မအေးဘုံနှင့်ရလာသောအခါ မအေးဘုံသဝန်တိုပြီ။

"ကုန်ခြောက်သည် ဟိုအပျိုကြီးကို သွားသွားပြီးနှိပ်မပေးရဘူး ကိုကြာဥ"

"ဟ. . .ဘာဖြစ်သတုံး၊ ပွဲပါသွားတာမှတ်လို့"

"ပွဲပွဲ. . .မပွဲပွဲ. . .နှိပ်မပေးရဘူး"

ထိုကဲ့သို့ အမိန့်ပေးထားပါလျက်က နှိပ်ပေးနေသည်ကို ယနေ့ လက်ပူးလက်ကြပ်မိသည်။ လူကသာပန်းသည်ဖြစ်သော်လည်း စရိုက်မှာ ငါးသည်၊ အမဲသားသည်နှင့် နင်လားငါလားပင်။

"ကိုကြာဥ. . .ဒါဘာလုပ်တာတုံး"

မမြင့်မေကို ဇက်ကြောဆွဲပေးနေစဉ် ကိုကြာဥကို မအေးဘုံကဝင် ဆွဲသည်။ ကိုကြာဥမှာ ကလန်ကလန်ဖြင့်ပါလာသည်။ ဟိုဟာ အိအ ဖြစ်နေစဉ်"ဇက်ကြောဆွဲပေးနေတာလို့ပြောလိုက်ပါလား" ဟု မမြင့်မေက သင်ပေးသည်။ မအေးဘုံက လက်မြှောက်လျက် မမြင့်မေအပါးသို့ တိုးကပ်သွားလျှင် "ဟော့. . .ဘာဖြစ်ကြတာလဲ" အော်သံကြီးပေါ်လာ သည်။

အော်သံရှင်မှာ ဈေးခေါင်းကိုအောင်ညွှန့်ဖြစ်သည်။ အလွန်ဆဲ သော အမဲသားသည် မအေးချမ်းကိုအချုပ်ထဲသို့ ပို့ပစ်ကတည်းက ကို အောင်ညွှန့်ကို ဖြုန်နေကြ၏။ သို့ဖြစ်သောကြောင့် ဈေးသူဈေးသားများ မှာ မိန်းမနပန်းပွဲကို မကြည့်လိုက်ရတော့ပေ။

သို့တစေ မမြင့်မေကိုမလုပ်ရသမျှ အတိုးချပြီး ကိုကြာဥအလုပ်ခံ

mgyoe.com

mgyoe.com


ရတော့သည်။ မအေးဘုံသည် ကိုကြာဥလက်ကိုတင်းတင်းဆုပ်ကာ အိမ်သို့ဆွဲခေါ်ခဲ့သည်။

"လွှတ်ပါဦးမအေးဘုံရ"

"မလွှတ်ဘူး"

မအေးဘုံသည် ကိုကြာဥလက်ကိုအသေဆုပ်ထားသည်။ ပုဆိုးများကလည်းမကျွတ်ချေ။ ဗိုက်ကိုရှုပ်ပါသော်လည်း ပုဆိုးကမကျွတ်။ ထိုအခါ ပုဆိုးဝတ်ပါရစေဦးပြောခွင့်မကြုံတော့ပေ။ ယောကျ်ားအားနှင့်မိန်းမအားပေမင့် ကိုကြာဥမရုန်းမိ။ သို့ကြောင့်လည်း အိမ်ပေါ်သို့တွန်းတင်ပြီးလျှင်ပြီးချင်း အထုအရိုက်အမာန်အမဲခံရလေတော့၏။

"ဒီမိန်းမတွေခေါ်ခိုင်းမှာစိုးလို့ တော့်ကို ဈေးထဲတောင်မသွားခိုင်းဘူး"

"အခုလည်း ဈေးထဲသို့မသွားဘဲနဲ့ လမ်းမှာတွေ့တာပဲ"

"လမ်းမှာတွေ့ ဘာဖြစ်တုံး၊ ဟိုအကြောင်းသည်အကြောင်းလွှဲချရင်ရတာပဲ၊ ရှင်ကိုကခပ်ပါပါမဟုတ်လား"

မေးလည်းမေး၊ ကိုက်လည်းကိုက်သည်။

"တော်တို့သားအဖလေးယောက်ကို ကျွန်မပန်းရောင်းကျွေးတာရှင်မျက်နှာငယ်ရသလား"

"မငယ်ရပါဘူး၊ အမယ်လေးဗျ. . ."

မအေးဘုံသည် ဇာရိုက်ကုတ်ခြစ်ခြင်းဘို့အပြင် ကိုက်လည်းကိုက်သည်။ အပြောလည်းပါသည်။ ကိုကြာဥမှာ မအေးဘုံကို တစ်ချက်တွန်းပစ်ပြီး ထပြေးလျှင်ရ၏။ ရသော်ငြား သူသည် မအေးဘုံကိုမလုပ်ရက်ပေ။ ဈေးထဲတွင် သူတစ်ပါး၏ပေးစာကမ်းစာစားပြီး ပုဆိုးကိုခြုံအိပ်ရသောဘဝမှ အိမ်နှင့်ယာနှင့်ဖြစ်လာခြင်းမှာ မအေးဘုံ၏ကျေးဇူးဖြစ်သည်ဆိုကာ သည်းခံခြင်းဖြစ်၏။

mgyoe.com

mgyoe.com


မအေးဘုံကလည်း သူ့လင်ကိုသူတစ်ပါးက အနင်းအနှိပ်ခိုင်းသည်ကို မကြိုက်ပေ။ ကိုအောင်ညွှန့်လိုလူမျိုးကခိုင်းလျှင် "သြော်. . . သူတို့ဆရာတငည့်ပေပဲ"ဟု ဖြေနိုင်ပေမဲ့ မမြင့်မေနယ် အပျိုကြီးတစ်ယောက်ကခိုင်းလျှင်ကား မအေးဘုံ မရှုဆိတ်။

ဤသို့ဖြင့် ကိုကြာဦးသည် မအေးဘုံ၏အကြိုက်ကို သိလာသည်။ ထို့နည်းတူ ပျော့ကွက်ကိုလည်း သိလာသည်။ မအေးဘုံ၏ ပျော့ကွက်မှာ မိန်းမသားများ၏ ခိုင်းစေမှုနှင့် အိမ်ပေါ်မှဆင်းမည်ဟု အပြောမခံနိုင်ခြင်းဖြစ်သည်။

မအေးဘုံသည် အိမ်နှင့်ယာနှင့်ဖြစ်ကားဖြစ်၏။ သို့ရာတွင် ရွှံ့ဗွက်အလယ်မှတဲ။ ထိုတဲထဲတွင်နေသော ကလေးတစ်ယောက်အမေမုဆိုးမကို အပျင်းပြေလာလာပြီး ခြေဆေးသူမှာ ကျော်စွာထွန်းဖြစ်သည်။ တစ်နေ့သော် မအေးဘုံထံသို့ သူတစ်ပါးခိုင်းသောကြောင့် အူတူတူအတတရောက်လာသော ကိုကြာဦးမှာ မအေးဘုံ၏အမိဖမ်းခံလိုက်ရသည်။ ထိုအချိန်တွင် ဘောက်တစ်ချက်ခေါက်ပြီး ကျော်စွာထွန်း ဆင်းသွားသည်ကို ကိုကြာဦးမသိလိုက်ပါ။

မအေးဘုံက ကိုကြာဦးကိုအမိဖမ်းဖမ်း မဖမ်းဖမ်း ကာယကံရှင်ကိုကြာဦးကား အလွန်ကျေနပ်သည်။ ပုဆိုးခြုံအိပ်ရာမှ ခေါင်နှင့်ခြင်ထောင်နှင့် အိပ်ရသောအခါကိုကြာဦးမှမကျေနပ်လျှင် အဘယ်မည်သောဆိုက်ကားသမားက ဝင်ရောက်ကျေနပ်ပါမည်နည်း။

စားရသောက်ရမဲ့မဲ့ အိမ်ခြေယာခြေမရှိသူဘဝမှ အိမ်နှင့်ယာနှင့်ဖြစ်လာသောကြောင့် ကိုကြာဦးက မအေးဘုံကို ကျေးဇူးတင်၍မဆုံးအောင်ရှိ၏။ မအေးဘုံကလည်း "ဟောဒါ. . .ငါ့လင့်ဟေ့"ဟု ပြောစရာရသဖြင့် ကိုကြာဦးကို အလွန်ကျေးဇူးတင်၏။

မအေးဘုံတွင် လှလှဦးအမည်တွင်သည့်သမီးတစ်ယောက်ရှိ၏။

mgyoe.com

mgyoe.com


ထိုသမီးကို မမွေးချင်ဘဲမွေးခဲ့ရသော မအေးဘုံသည် ကိုကြာဥနှင့်ရအပြီး၌ သားသုံးယောက်ဆက်တိုက်မွေးသည်။ လက်မများပင်ထောင်သေးသည်။

ထိုဘဝင်ကိုင်ချင်ချင်မအေးဘုံကို ဆိုင်နီးချင်းကသတိပေးသည်။

"သားသုံးယောက်မွေးတယ်ဆိုပြီး ဝမ်းသာမနေနဲ့ကောင်မ၊ မအေနေထိုင်မကောင်းတဲ့အခါမှာ ကွမ်းရွက်ကလေးတောင်ပြုတ်တိုက်ဖော်ရမှ ရပ့်မလား"

ထိုစကားဖြင့်ပင် မအေးဘုံသတိထားနေရစဉ် ဟင်းရွက်သည် မငြိမ်းကျော့ကပြောသေး၏။

"သားယောက်ျားလေးတော့ အော့ကြောလန်တယ်တော်ရေ့၊ မိဘမှာဖြင့် အဖာအထေးဝတ်ပြီး သူတို့ကို ကျောင်းထားရတယ်၊ ဘွဲ့ရပြီးပြန်တော့ အလုပ်ရဖို့အရေးရှိဦးတဖျားဖျားနဲ့အောက်ကျလိုက်ရတာ၊ ဟော . . .အလုပ်လည်းရရော မိန်းမကောက်ယူသွားလိုက်တာ ကော့လို့၊ မိဘရင်ကျိုးရတော့တာပေါ့"

မအေးဘုံသည် ထိုစကားများကို ကိုကြာဥသို့ တစ်ဆင့်ဖောက်သည်ချအပြီးတွင် သတိပေး၏။

"သားတွေဆိုပြီး အားရမနေနဲ့ဦး၊ ကွမ်းရွက်ပြုတ်ရည်ကလေးတောင် ပြုတ်ပေးသူမရှိ ဖြစ်နေဦးမယ်"

ကိုကြာဥ၏သဘောကား တစ်မျိုးပင်. . .

"ကံကြောက်ရင် လှည်းအောက်မအိပ်နဲ့တဲ့ဟေ့၊ သားကံ သမီးကံဆိုတာ ခံစားထိုက်ရင် ခံစားရမှာပဲ"

သို့ဖြစ်သဖြင့် ကိုကြာဥမှာ သားသုံးယောက်နှင့်လုံးထွေးနေချေသည်။ သူ့တွင် အရင်းချာဆုံးဆွေမျိုးများဖြစ်ပါသည်ဟု ဆိုသည်တွင် မအေးဘုံ စောဒကမတက်သာ။

mgyoe.com

mgyoe.com


ကိုကြာဥသည် ဗွက်ထဲတွင် ဖြစ်ကတတ်ဆန်း ဆောက်ထားသော တဲကို အိမ်ဖြစ်အောင်လုပ်သည်။ ဗွက်ထဲသို့ မြေတွေခဲတွေနည်းနည်း ချင်းဖို့သည်။ နှစ်နှင့်ချီပြီး ကြာသောအခါ ဗွက်ပျောက်သွားသည်။ အိမ်တိုင်အဖြစ် ဝါးပိုးဝါးကို သုံးထားရာ ကိုကြာဥက သစ်ခွဲသားတွေဖြင့် အစားထိုးသည်။

သို့ကြောင့်လည်း "ရှင့်ကိုမနေနဲ့လို့ဘယ်သူနှင်သတုံး" ဟု မအေးဘုံက မေးခြင်းဖြစ်သည်။

အိမ်ထောင်ဦးစီးအဖြစ် ကိုကြာဥလုပ်ကိုင်နေသည်ကို မြင်ရသော ဦးလှမောင်သည် ဈေးထဲမှ ဆိုင်တကာ၏ခိုင်းဖတ်ကို ဓနိအကြွေးပေး၏။ သို့သော် ကိုကြာဥ သတိမလစ်။ ဓနိမိုးသောအဆောက်အအုံတွေ ရှားလာသည်။ ထိုအခါ ဓနိပွဲရုံလည်းရှားလာတော့သည်။ ဓနိဖိုးထက် ဓနိသယ်ယူစရိတ်က ကြီးမြင့်နေတော့သည်။

ထို့ကြောင့် ကိုကြာဥသည် ဦးလှမောင်၏ဓနိပွဲရုံနီးနီးနားနား၌ ရှိစဉ်ကတည်းကပင် သွပ်အဟောင်းအမြင်းတွေ ဝယ်ယူစုဆောင်းခဲ့သည်။ ရေမြှုပ်နှင့်စတ်ဆီရောပြီး အပေါက်ဖာသည်။ အိုးဖာတိပ်ဖြင့် အပေါက်ဖာသည်။ စို့ဖြင့်တော့ပြီးအပေါက်ဖာသည်။ ဤသို့လျှင် ဖာနည်းစုံဖြင့် ဖာထားသော သွပ်များပေါ်သို့ ပလတ်စတစ်ဝယ်ပြီးမိုးလိုက်သောအခါ မိုးမကြောက်ရသောအိမ်ဖြစ်လာ၏။

မအေးဘုံ၏တဲကို ဝါးပေါက်စေ့ဖြင့်ကြမ်းခင်းထားခဲ့၏။ ကိုကြာဥက ဤသည်ကို ခြောက်သုံးမတ်တစ်ပြားခင်းလိုက်၊ တော်တော်ကြာ တစ်ပြားခင်းလိုက်ဖြင့် အစားထိုးလာခဲ့သည်။ သားသုံးယောက်နှင့်ကိုကြာဥတို့မြူးထူးနေချိန်တွင် ဝါးကြမ်းမရှိပြီ။ ဆင့်နေရာ၊ တန်းနေရာများတွင် သစ်သားမဟုတ်သေးသဖြင့် သံမရိုက်နိုင်သေး။

"ဟဲ့မြင်း. . .ဟဲ့မြင်း"

mgyoe.com

mgyoe.com


ကိုကိုကြီးနှင့်ကိုကိုလတ်တို့သည် ကိုကြာဥ၏ပခုံးဘယ်ညာကို တက်ခွထားကြ၏။ ကိုကိုလေးကား ကိုကြာဥ၏ရင်ခွင်ထဲတွင်ရှိသည်။

ကိုကြာဥသည် သားကြီးနှင့်သားလတ်ကိုပခုံးတင်ကာ အငယ်ဆုံးကောင်ကို ပုဆိုးထဲထည့်လျက်ပျဉ်ပြားကို အလျားလိုက်စုန်ဆင်းသည်။ ဆန်တက်သည်။ ကိုကြာဥမှာ သုံးယောက်အလေးချိန်ကြောင့် ဝန်ပိနေသည်။ ဖင်ထိုင်ခုံကိုလည်း ကြွအောင်မလုပ်နိုင်။ ဗျရီး. . .ဗျရီးအသံပေးလျက် တရွတ်တိုက်ဆွဲသည်။

"ဟဲ့မြင်း. . .ဟဲ့မြင်း"

ကိုကိုလတ်က ဖအေ၏ခေါင်းကိုထုလျက် အော်ဟစ်မောင်းနှင်ရာ ရင်ခွင်ထဲကအကောင်ကတစ်မျိုးအော်၏။

"မြင်းမဟုတ်ဘူးခွေး"

"ဟဲ့ကောင်လေး. . .နာချင်ပြီလား"

မအေးဘုံက ကြက်သွန်လှီးနေရာမှ လှမ်းအော်ရ၏။ ဖအေကို ခွေးဟု ဆိုနေသည်မဟုတ်လော။ မအေးဘုံသာဝင်မဟန့်လျှင် ကိုကြာဥသည် သူ၏အရင်းနှီးဆုံး ဆွေမျိုးသားခြင်းတွေလုပ်သမျှကို ငုံ့ခံမည်သူဖြစ်သည်။

"ဟဲ့မြင်း. . .ဟဲ့မြင်း. . .ကလောက်"

ကိုကိုလတ်သည် သူ့ကိုယ်ကြီးကိုလှုပ်ဆောင့်သည်။ ထမ်းထားရသူမှာ အင့်ခနဲဖြစ်သွားသည်။

"အဖေက တယ်နှေးတာပဲ"

"အေးပါကွာ. . .အေးပါ'

ကိုကြာဥသည် ဗျိုးခနဲ ဗျိုးခနဲမြန်နှုန်းမြင့်ပြီး ခြေရင်းဘက်သို့လျှောတိုက်သွားရာ ပျဉ်ပြားတစ်ဖက်သည် ထောင်ထတက်လာ၏။ ပခုံးတစ်ဖက်တစ်ချက်ရှိ သားကြီးနှင့်သားလတ်မှာ လွတ်သွားပြီးပျဉ်စွန်းက တို

mgyoe.com

ကြာဥ၏နောက်စေ့ကို ရိုက်မိရာ သားအဖသုံးယောက်သား အိမ်ခြေရင်း ဗွက်ထဲသို့ တစ်ပတ်ကျွမ်းပစ်လျက်ထိုးဆင်းသွားလေ၏။ ။

ငွေတာရီမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၂၀၁၅။

mgyoe.com

mgyoe.com

# သည်ဓလေ့

ရက်တွေပြောင်း၍ ရက်တွင် လဆောင်းကာ သုံးနှစ်ပင် ညောင်းခဲ့သော်လည်း မိစိန်းခင်၏ မျက်ရည်စမ်းမှာ မခန်းသွေ့နိုင်ခဲ့ပေ။

နေ့ရှိသရွေ့ မောင်ဘကျော် ရောက်လာနိုးဖြင့် ရွာရိုးလမ်းမသို့ မျှော်ကြည့်ခဲ့ရ၏။ ဘယ်ဆီဘယ်ရပ်တွင် ရောက်နေမှန်းမသိသူအား မျှော်တရတိုင်း လွမ်းမျက်ရည်သွယ်သွယ် ဝိုင်းရသည်။

နှုတ်ပြောမချိုသော်လည်း နှလုံးသားကတော့ ပျားသကာလို ချိုသောသူ။

ယောကျ်ားပီသသောကိုယ်နှင့် အသွင်ကြမ်းတမ်းသလောက် မိမိနှင့် ရင်ဆိုင်တွေ့ရတိုင်း စကားတစ်လုံးကိုပင် ဖြောင့်ဖြောင့်မထွက်နိုင်အောင် ရိုးအသူ မောင်ဘကျော်။

မိစိန်းခင်လို တောသူတစ်ယောက်၏ အမြင်အားဖြင့် လင်ယောကျ်ားအဖြစ် သတ်မှတ်ထိုက်သော အရည်အချင်းများဖြင့် ပြည့်စုံသော မောင်ဘကျော်။

မောင်ဘကျော် ရောက်လာနိုးဖြင့် လေပွေမွှေ့၍ ဖုန်လုံးကလေးထသည်ကိုပင် မောင်ဘကျော် ပြန်လာလေပြီလားဟု လည်ကိုဆန့်ကာ

mgyoe.com

mgyoe.com

ကြည့်ခဲ့ရသည်မှာ သုံးနှစ်ပြည့်ခဲ့ပေပြီ။

လူတွေ့တိုင်း မောင်ဘကျော်၏ သတင်းကို မေးမြန်းစုံစမ်းရသည်မှာလည်း မိစိန်းခင်အတွက် သုံးနှစ်တင်းတင်းပြည့်ခဲ့ပြီ။

မောင်ဘကျော် ပြန်လာလေပြီလားဟု မျှော်ကြည့်ရတိုင်း မိစိန်းခင်မှာ ရင်မီးတောက်မတတ် ဗျာပါရှယ်ရသည်။ မောင်ဘကျော်၏ သတင်းကို ကြားရလေမည်လားဟု မေးမြန်းစုံစမ်းပြီးတိုင်း မိစိန်းခင်မှာ မျက်ရည်စမ်းကို လှစ်ရသည်။ လွမ်းမျက်ရည်စိမ့်စိမ့်ယိုတိုင်း ဒေါသူပုန်များသစ်ရ၏။ လွမ်းလျက်တွင် ဒေါသခြယ်လေလျှင် မိစိန်းခင်က မိမိနေထိုင်ရာ ပုရပိုက်တန်းရွာကို မုန်းတီးလာလေသည်။

ရွာကိုမုန်းတီးသည်နှင့်အမျှ ရွာပေါ်မှာ စီးမိုးနေသော ရိုးရာဓလေ့ဆိုးကြီးတစ်ရပ်ကို မိစိန်းခင်က ရိုးတွင်းခြင်ဆီထဲကပါ မုန်းရွံလာရလေသည်။ မိမိချစ်သော မောင်ဘကျော်အား မိမိ၏ရင်ခွင်မှ မောင်းထုတ်လိုက်သော မကောင်းဆိုးရွားမှာ မြတ်စွာဘုရား၏ ဒေသနာတော်တမျှ ဒီရွာသူ ရွာသားတို့ လိုက်နာကျင့်ကြံနေသော ဓလေ့ဆိုးကြီးဖြစ်၏။

သည်ဓလေ့ဆိုးကြီးကို မတွန်းဖြိုတတ်တိုင်း မိစိန်းခင်မှာ လက်ထပ်ရုံမျှသာ လက်ထပ်၍ မပေါင်းလိုက်ရသော မောင်ဘကျော်ကို တိုး၍လွမ်းနေရသည်။ မောင်ဘကျော်ကို လွမ်းတရတိုင်း သည်ရွာနှင့် သည်ဓလေ့ကို ရင်ထဲကကျိတ်၍ ခါးသီးစွာ မုန်းတီးကျိန်ဆဲနေရသည်မှာ သုံးနှစ်ပင်ပြည့်ပါပေါ့ဇာလား။

(၂)

"ဒါလောက်ကြီးတော့ မများလွန်းဘူးလား မောင်တို့ရယ်"

အသက် ၅၀ ရွယ် မျက်နှာရှည်ရှည်မျက်လုံးမှေးမှေးနှင့် လူကြီးက မိမိရှေ့တွင် ထိုင်နေသည့် အသက်အစိတ်ရွယ် လူသုံးယောက်ကို အသ

mgyoe.com

mgyoe.com

နားခံသော လေသံဖြင့် မေးမြန်းပြီးနောက် ပါးစောင်မှစီးကျလာသော ကွမ်းရည်များကို လက်ဝါးဖြင့်သပ်ရင်း မိမိဘေးရှိ လူများကိုလည်း လှည့်စောင်းအကဲခတ်သယောင် ကြည့်နေလေ၏။

ထိုလူကြီး၏ အမေးအမြန်းခံလိုက်ရသော လူသုံးယောက်အနက် အိမ်ထရံကိုလက်ဖြင့် နောက်ပြန်ကိုင်ထားသည့် အသက်သုံးဆယ်ရွယ် မျက်နှာတွင် ကျောက်ပေါက်မာသဲ့သဲ့ နှာခေါင်းပြားပြားနှင့်လူက မိမိ၏ လက်ကိုထရံမှ ဖြုတ်ချလိုက်၏။

ဘေးရှိ လူနှစ်ယောက်၏ သဘောထားကို သိလိုဟန်ဖြင့် တစ်ပြန်စီလှည့်ကြည့်သည်။ ကျောက်ပေါက်မာနှင့်လူ၏ တစ်ဖက်တစ်ချက်တွင် ရှိနေသော လူနှစ်ယောက်၏ မျက်နှာထားမှာ မိမိတို့ ဆုံးဖြတ်ထားသော အရာတစ်ခုကို မည်သည့်နည်းနှင့်မျှ မပြင်နိုင်ကြောင်း အထင်းသားပေါ်လွင်နေပေသည်။

ကျောက်အိုးကွဲက အဖော်နှစ်ယောက်၏ မျက်နှာကဲကိုခံယူပြီးမှ ခါးကိုကိုင်း၍ဖြေ၏။

"မများပါဘူး ဦးရယ်၊ ကျွန်တော်တို့လည်း ရွာထဲမှာရှိတဲ့ လူငယ်တွေရဲ့သဘောကို မေးမြန်းပြီးမှ ပြောရတာပါ ဦးကြီးရယ်၊ ကျွန်တော်တို့ တောင်းတဲ့ ၅၀ ဆိုတာဟာလည်း ဦးကြီးတို့ရဲ့အနေနဲ့ မများလှပါဘူးခင်ဗျာ"

ကျောက်အိုးကွဲ၏ စကားအသုံးအနှုန်းများမှာ ပြေပြစ်ပေသည်။ သူက အနူးညွတ်ဆုံးနှင့် အသိမ့်မွေ့ဆုံး အမူအရာကို ဆောင်ထားသလောက် သူ့ဘေးရှိ လူနှစ်ယောက်၏ မျက်နှာပေးက သုန်မှုန်လှ၏။

"ဒီလိုရှိပါတယ် မောင်ရယ်"

ပထမ ဒိုင်ခံပြီး လေပျော့နှင့် အသနားခံခဲ့သော ဦးကြီးကပင် ကျောက်အိုးကွဲဘေးရှိ လူနှစ်ယောက်ကို ကွက်ခနဲကြည့်လိုက်ပြီး နောက်

mgyoe.com

mgyoe.com

မရဲတရဲဆက်၍ ဆိုပြန်သည်။

"မင်္ဂလာကြေးဆိုတာဟာ အထစ်အငေါ့ဖြစ်ကောင်းတဲ့ ကိစ္စ မဟုတ်လို့ တတ်နိုင်ရင် ကျုပ်တို့က ရှောရှောရှူရှူပဲ ပေးလိုက်ချင်ပါတယ် မောင်ရယ်၊ အခုတော့ သတို့သားခမျာမှာလည်း မောင်တို့ထင်သလို အချမ်း သာကြီးမဟုတ်ရှာပါဘူးကွယ်၊ သူ့လိုငါလိုလက်လုပ် လက်စား ပါပဲ"

"ပုရပိုက်တန်းနဲ့ ညောင်ကုန်းဆိုတာဟာလည်း ရေအိုးနဲ့ရေမှုတ် လိုနေတာပ မောင်တို့ရယ်"

ပထမဦးကြီးက အနူးအညွတ် တောင်းပန် ရှင်းလင်းပြီးသည်တွင် သူ၏ဘေးရှိ ရခိုင်လုံချည်ကွက်တုံးနှင့် ပန်းရောင်ပဝါစကို ရှည်ရှည် ချထားသော ငါးဆယ်ရွယ်အဘိုးအိုက ဆက်၍ ရှင်းလင်းခြင်းဖြစ်ပေ၏။

"စောင်ရင်းတန်း(စည်းရိုး)တစ်ခုတည်း မနေပေမဲ့ တစ်စိတ် တည်း တစ်သဘောတည်းတွေမဟုတ်လား။ သူသေငါပို့၊ ငါနာသူမေးမို့ ညီအစ်ကိုတွေလို တစ်ရွာတည်းလိုနေလာကြတာတွေပါကွယ်၊ မောင်တို့ တောင်းတဲ့ မင်္ဂလာကြေးငါးဆယ်ဆိုတာဟာလည်း မများလှပါဘူး။ သို့သော်လည်း ဦးတို့ဘက်ကသူငယ်များအနေ နဲ့ မတတ်နိုင်လွန်းလို့ပါ ကွယ်၊ တတ်နိုင်သရွေ့ ပြန်ပြီးစဉ်းစား ကြပါဦးလို့"

ဒုတိယအဘိုးအိုက လေအေးကလေးဖြင့် တောင်းပန်ချေးဆစ် လိုက်လျှင် ပုရပိုက်တန်းရွာသား ကာလသားများ၏ ကိုယ်စားလှယ် သုံးယောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေမိကြ၏။ "ဘယ့်နှယ်လဲဟေ့" ဟု အချင်းချင်းမေးကြသည်။

အတန်ကြာမှ အလယ်တွင်ထိုင်နေသော ကျောက်အိုးကွဲနှင့် ကာလသားခေါင်းကိုဘသော်ကပင် ဦးညွတ်၍ ပြန်လည်ပြောဆို၏။

"ကျွန်တော်တို့တောင်းတဲ့ ငါးဆယ်ဆိုတာ များရင် ဦးကြီးတို့ဆန္ဒ

mgyoe.com

mgyoe.com

ကိုလည်း အမိန့်ရှိစေချင်ပါတယ်ခင်ဗျာ"

"အင်း နှစ်ဆယ်ဆိုရင် တော်လောက်ပါပြီကွယ်"

ကာလသားခေါင်း ကိုဘသော်၏ ခါးသည် ညွတ်ကိုင်းနေရာက ဆတ်ခနဲ ဆန့်မတ်သွားတော့သည်။ ခါးဆန့် လိုက်သည့်လျှပ်တစ်ပြက်ကာလအတွင်း ကွက်ခနဲ ပျက်သွားသည်ကိုလည်း သူ့မျက်နှာကို စေ့စေ့ကြည့်နေသော ညောင်ကုန်းသား အဘိုးအိုများက မြင်လိုက်သဖြင့်

"ဒီလိုပါကွယ်၊ ဦးတို့ဘက်က သူငယ်တတ်နိုင်သမျှကို ပြောရတာမို့ ဘယ်လိုမှ စိတ်မရှိပါနဲ့နော်။ တတ်နိုင်ရင် ဦးတို့ကပဲ ကြားထဲက စိုက်ပေးလိုက်ချင်ပါတယ်"ဟူ၍ ကပျာကယာ လေချိုသွေးရင်း မျက်နှာသား ခပ်အမ်းအမ်းဖြင့် တောင်းပန်လိုက်ကြသည်တွင် ကိုဘသော်က "ကိစ္စမရှိပါဘူးခင်ဗျာ" ဟု မချိပြုံးပြုံး၍ ဆိုလိုက်ကာ. . .

"အခုလိုပြောရတာကိုပဲ ကျွန်တော်တို့က အားနာလှပါပြီ"

"အို ကိစ္စမရှိပါဘူး၊ ဒါ အားနာစရာ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ ကျွန်တော်တို့ကလည်း တတ်နိုင်ရင် တစ်ပြားမှမယူဘဲ နေလိုက်ချင်ပါတယ်။ ဒါပေမဲ့ အများဆန္ဒအတိုင်းမို့ ငါးဆယ်တောင်း ရတာပါခင်ဗျာ"

ကိုဘသော်က ခန်းဆီးထရံကိုမှီ၍ မျက်နှာငယ်ကလေးဖြင့် ထိုင်ငေးနေသော ဒေါ်ငွေရင်ကို မရဲတရဲလှမ်းကြည့်ပြီးနောက် ရှေ့ရှိအကြမ်းတစ်ပန်းကန်ကို ကောက်ကိုင်ရင်းဆက်ပြန်၏။

"ဦးတို့ကို အားမနာသည့်တိုင်အောင် အရီးငွေရင်တို့ကို သိပ်ပြီး အားနာစရာကောင်းနေပါပြီ။ ဒီတော့ ဦးကြီးတို့ဘက်က ပေးချင်သပဆိုရင် ကျွန်တော်တို့တောင်းတဲ့အတိုင်း ငါးဆယ်ပေးပါခင်ဗျာ။ မပေးနိုင်လို့မပေးဘူးဆိုရင်လည်း တစ်ပြားမှမပေးနဲ့ပေါ့ခင်ဗျာ"

မင်္ဂလာကြေးဈေးဆစ်သော အဘိုးကြီးများမှာ ပျာပျာသလဲဖြစ်သွား

mgyoe.com

mgyoe.com

ကြ၏။

"ဒီလိုလည်း သဘောမထားပါနဲ့မောင်ရယ်၊ ဦးကြီးတို့ကလည်း မတတ်နိုင်လို့ပါ ငါ့တူရယ်"

"ကျွန်တော်တို့ကတော့ ကလေးတွေဆန္ဒအတိုင်း ပြောရတာမို့ ဘယ်လိုမှ မပြင်နိုင်ဘူး"

ကိုဘသော်၏ လက်ဝဲဘက်တွင် ထိုင်နေသော ကိုထွန်းရင်က ခေါင်းတုံးပြောင်ပြောင်ကို လက်ဝါးဖြင့်ပွတ်ရင်း ဝင်ဖြည့်သည်။

"ဒါဖြင့်ရင် ဒီလိုလုပ်ပါလားကွယ်"

ဆီစိမ်ပုဆိုးကွက်တုံးနှင့် အဘိုးအိုက ဆိုလိုက်သဖြင့် ကိုဘသော်၏ တစ်ဖက်ဘေးရှိ ကိုဘညွန့်ဆိုသူက "ပြောပါခင်ဗျာ ပြောပါ" ဟု ဝင်ထောက်၏။

"ဦးတို့ကလည်း နှစ်ဆယ်ထက် ပိုပေးဖို့ ပြန်ပြီး တိုက်တွန်းပါရစေဦး။ မောင်တို့ကလည်း ငါးဆယ်ထက် လျှော့ဖို့ မောင်တို့အချင်းချင်းပြန်ပြီး ဖျောင်းဖျကြပါဦး၊ သန်ဘက်ခါညနေကို ကျုပ်တို့တစ်ခေါက်လာခဲ့ပါမယ်၊ ဟင် မကောင်းဘူးလား ကျောင်းဒကာ"

"ကောင်းပါတယ် ကောင်းပါတယ်"

မိန်းကလေးအမေ ဒေါ်ငွေရင်ကပါ ဝင်၍ထောက်ခံ၏။ သို့ရာတွင် ထို့သို့ ကောင်းပါတယ်ဟူ၍ သောသောညံမျှ ဝိုင်းအုံထောက်ခံကြသည့် အထဲ၌ ကိုဘသော်တို့ သုံးယောက်မပါဝင်ပေ။

ကိုဘသော်က "ကျွန်တော်တို့ဘက်ကတော့ ဒါဟာ စကားကုန်ပါပဲ။ အစတုန်းက တစ်ရာတောင်ထိန်းထားကြပါတယ်၊ ကျွန်တော်တို့ကပဲ သူ့အိုးနဲ့သူ့ဆန် တန်ရုံလုပ်ကြဖို့ ဖျောင်းဖျနားချကြလို့ အခုလို ငါးဆယ်ဖြစ်လာတာပါခင်ဗျာ၊ အဲဒီတော့ အခုတစ်ခါ ငါးဆယ်များပြန်ပြီဟော့လို့ ပြောရပြန်ရင် ကျွန်တော်တို့ ဘာဖြစ်မလဲ။ ဦးကြီးတို့ပဲ စဉ်းစားတော်မူ

mgyoe.com

mgyoe.com

ကြပါ"

"ရိုးငွေရင်ရဲ့သမီး မစိန်းခင်ဆိုတာဟာ အလုပ်အကိုင် အနေအထိုင်ကစပြီး အစခပ်သိမ်း တော်တဲ့ကလေးမလေးပါ။ ကျွန်တော်တို့တောင်းတဲ့ မင်္ဂလာကြေးဟာ တကယ်ပဲများတယ်ထားဦး၊ မိန်းကလေးရဲ့ဂုဏ်ကို ထောက်ထားပြီး ပေးကောင်းတယ်လို့ ကျွန်တော်ထင်ပါတယ်"

ဒေါ်ငွေရင်ဘက်သို့ မျက်လုံးတစ်ချက်လှန်ကြည့်ရာက ကိုယ့်ဘက်ယက်သူမှာ ကိုဘညန့်ဖြစ်သည်။

"ဟုတ်ပါတယ်. . .ဟုတ်ပါတယ်"

အဘိုးအိုများက ခေါင်းညိတ်ညိတ် လည်ခါခါဖြင့် ဝန်ခံကြ၏။ ကိုဘညန့်ကပင် ဆက်၍ပြောပြန်သည်။

"ကျွန်တော် စကားကုန်ပြောတော့မယ်၊ အစားကို အကုန်စားရတယ်၊ စကားကို အကုန်မပြောရဘူး ဆိုပေမဲ့ ပြောစရာအကြောင်းဆိုက်လာလို့ ပြောမှလည်းဖြစ်တော့မှာမို့ ပြောရတာပါ၊ ဘကြီးတို့ကနှစ်ဆယ်၊ ကျွန်တော်တို့က ငါးဆယ်၊ တွေးကြည့်ရင် ရှက်စရာကောင်းပါတယ်"

"ဟုတ်ပါတယ်. . .ဟုတ်ပါတယ်၊ ကဲ ကဲ ဘကြီးတို့ သန်ဘက်ခါ ညနေကျရင် လာခဲ့ပါဦးမယ်"

ကိုဘညန့်၏ စကားအသွားအလာမကောင်းသဖြင့် ညောင်ကုန်းသားကြီးများသည် စကားဆုံးအောင်မစောင့်ဘဲ ဖွတ်ဖြတ်ပြီး ထရန်ဟန်ပြင်ကြ၏။

"ကဲ မငွေရင် ကျုပ်တို့ပြန်လိုက်ဦးမှပဲ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

လှေကားထိပ်အရောက်၌ ကိုဘသော်လှမ်းပြောလိုက်သော စကားတစ်ခွန်းကြောင့် အဘိုးအိုများ၏ လှုပ်ရှားနေသော ခြေထောက်များမှာ

mgyoe.com

mgyoe.com


ရုတ်တရက်ရပ်တန့်ဆိုင်း၍များပင် သွားရသည်။

"ကျွန်တော်တို့လူငယ်တွေ တောင်းသလောက်မဟုတ်ရင် ကျွန်တော်တို့က လက်ခံမှာမဟုတ်ဘူးနော်။ ဘကြီးတို့နဲ့ ကျွန်တော့် အဖေနဲ့က အင်မတန်ရင်းနှီးကြတော့ အဖေ့ကိုကိုင်ပြီး ဘကြီးတို့ပေးချင် သလောက်ကို အနိုင်အထက်ပေးလာရင်တော့ လက်ခံရမှာပဲ။ ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်လာသမျှကိုတော့ ကျွန်တော် ဘာမှ တာဝန်ခံနိုင်မှာ မဟုတ်ဘူး"

(၃)

ပုရပိုက်တန်းရွာမှ ကာလသားတို့၏ လောဘနှင့်ညောင်ကုန်းရွာ သား သတို့သား၏လွန်ပွဲမှာ လိပ်ခဲတည်းလည်းဖြင့်ပင် ရှိနေကာ မင်္ဂလာ ပွဲပြုလုပ်သောနေ့ကို ဆိုက်ရောက်လာလေ၏။

တောမင်္ဂလာဆောင်ဆိုလျှင် ကာလသား လူငယ်များ၊ မိန်းမပျို ကလေးများကအစ လူကြီးသူမများအထိ တလှုပ်လှုပ်တရွရွပါဝင်ဆောင် ရွက်ကြလေ့ရှိသည်။ မိစိန်းခင်၏ မင်္ဂလာပွဲတွင်ကား ပုရပိုက်တန်းရွာ သား တို့ကိုမမြင်ရပေ။

ခေါင်းတွင် သပြေနှင့် ဒေါနနွှောသောပန်းခက်ကလေးများပန်၍ လက်ထဲတွင် ကျပ်လုံးခန့်တုတ်သည့် သနပ်ဖက် ဆေးလိပ်ကိုယ်စီကိုင် ထားလျက် ရွာခံမိန်းမအနည်းအကျဉ်းသာသွားသည်ကို တွေ့ရ၏။ ငယ် ငယ်ရွယ်ရွယ်မိန်းကလေးများနှင့် မိန်းမလတ်များမှာမူ မောင်ကြီးမောင် ငယ်တို့၏ ဟန့်တားမှုကြောင့် ကုပ်နေကြရ၏။

မည်သို့ပင် ပရပိုက်တန်းရွာသားများက အကူအညီမပေးဘဲ ရှောင် နေကြစေကာမူ မင်္ဂလာပွဲကား ပျက်မသွားပေ။ ကျင်းပနေသည်သာ တည်း။

mgyoe.com

mgyoe.com


တစ်ပြိုင်နက်တည်းပင် တစ်ဖက်နှင့်တစ်ဖက် အတင်းမာဆုံးသောအချိန်လည်း ဖြစ်နေပေသည်။ ပုရပိုက်တန်းရွာမှ လူကြီးများက ကြားဝင်ပြီး လိုက်လံနားချရန်ကြိုးစားကြ၏။ သို့ရာတွင် ကာလသားများ၏ အကြီးအကဲဖြစ်သော ကိုဘသော်၊ ကိုထွန်းရင်နှင့် ကိုဘညန်တို့က ရှောင်နေကြ၏။

ကိုဘသော်တို့ ရှောင်နေခြင်းမှာလည်း သတို့သားဘက်မှပြောသောစကားကို ညောင်ကုန်းရှိ မိမိတို့လူများထံမှတစ်ဆင့် ကြားထားရသောကြောင့်ဖြစ်သည်။

"တစ်သက်လုံးက မမြင်ဖူးတိုင်း နင်းကန်တောင်းတဲ့ငွေကို ပေးရမှာလား"

သတို့သားနှင့် အပေါင်းပါတို့၏ မဖွယ်မရာပြောစကားကို ကြားရစကဆိုလျှင် ပုရပိုက်တန်းမှ ကာလသားများမှာ ဆတ်ဆတ်ခါ နာကြည်းကြသည့်အလျောက် တောင်းသည့် မင်္ဂလာကြေး ရသည့်တိုင်အောင် မင်္ဂလာဆောင်ကို မကူညီတော့ပြီ။ လိုချင်သော မင်္ဂလာကြေးမရလျှင်ကား မကူညီရုံသာမက ပျက်အောင်ဖျက်မည်ဟု ဆုံးဖြတ်ထားခဲ့ကြ၏။

သို့ရာတွင် မင်္ဂလာပွဲမပျက်ပေ။ အဘယ့်ကြောင့်ဆိုသော် သက်ဆိုင်ရာ မိဘများက မိမိတို့၏သားများ၊ တူ ညီများကို စောစီးစွာ ထိန်းသိမ်းထားကြသောကြောင့်တည်း။

သတို့သားဘက်မှ လူများသည် မင်္ဂလာဆောင်အတွက် လိုအပ်သော အသုံးအဆောင်များကို ဖျာကြမ်းနှင့်ရေနွေးအိုးအစ ငွေဖလားနှင့် ကောဇောအဆုံးအထိ နွားလှည်းဖြင့်သယ်ယူလာကာ ညှော့ပရိတ်သတ်မစုံမီ ခင်းကျင်းထားကြသည်။ ဝေယျာဝစ္စကိုလည်း ညောင်ကုန်းသားယောက်ျားမိန်းမများသာ ဆောင်ရွက်ရသည့်အပြင် ရောက်လာသမျှ

mgyoe.com

mgyoe.com


ပရိသတ်ကျိုးတိုးကျဲတဲကိုလည်း သူတို့ကပင်နေရာချထား ဧည့်ခံကြရသည်။

ဧည့်ခံရာ၌ ကိုယ့်နယ်ကလူကို ကိုယ့်နယ်သားချင်း ဧည့်ခံမှသာ အဆင်ပြေ၏။ ယခုလို ချောင်းတစ်ဖက်ကမ်းကလူချင်း ဧည့်ခံရသောအခါ ကြောင်တက်တက် ဟာတာတာကြီး ဖြစ်နေလေ၏။

မောင်ဘကျော်နှင့် မိစိန်းခင်တို့၏ မင်္ဂလာလက်ထပ်ပွဲတွင် တဟားဟားရယ်မောသံများကို မကြားနိုင်ပေ။ လွန်ရောကျွံရောမချိပြုံးကလေးများကိုသာ တွေ့နိုင်သည်။

မိစိန်းခင်တို့ပုရပိုက်တန်းရွာမှဆိုလျှင် အဘိုးအိုအဘွားအိုများနှင့် လူရွယ်လူလတ်ယောကျ်ားမိန်းမအနည်းငယ်မျှသာ လာရောက်ကြ၏။ ကာလသား နယ်ပယ်မှ ဆိုလျှင် ကာလသားခေါင်း ကိုဘသော်တစ်ယောက်သာ မင်္ဂလာဆောင်သို့ တက်ရောက်လာပေ၏။ သို့သော် ပထမဆုံးခဲများက ကိုဘသော်ရှိနေဆဲမှာပင် ကျရောက်လာခဲ့သည်။

စက်အုတ်ခဲလေးပိုင်းကျိုးနှင့် ဗမာ အုတ်သုံးပိုင်းကျိုးများသည်။ သတို့သမီးအိမ်ဘေးရှိ ပေပင်ကြီးပေါ်သို့လည်ကောင်း၊ အိမ်ရှေ့တွင် တည်ထားသောရေနွေးအိုးများပေါ်သို့ လည်းကောင်း၊ အိမ်မိုးပေါ်နှင့် အိမ်ထဲသို့လည်းကောင်း ဆက်တိုက်ကျရောက်လာလေသည်။

နေ့ခင်းကြောင်တောင်ကြီးတွင် ဤမျှကြီးမားသော ခဲကြီးများဖြင့် ပစ်ခတ်ဝံ့ခြင်းမှာ တော်ရုံတန်ရုံအာဃာတဖြင့်မဟုတ်ကြောင်းထင်ရှား၏။ မည့်သို့ပင်ဖြစ်စေကာမူ ဤသို့ကြီးမားသော အုတ်ခဲကြီးဖြင့် ပစ်ခြင်းသည် အနီးအနားမှကပ်၍ ပစ်ခြင်းဖြစ်သည်ဟု ယူဆကာ ထွက်၍ဖမ်းရန်မှာ မလွယ်ကူပေ။

အဘယ့်ကြောင့်ဆိုသော် သာမန်'လက်ကိုင်း'အားဖြင့်ဆိုပါက စက်အုတ်ခဲလေးပိုင်းကျိုး သုံးပိုင်းကျိုးနှင့် ဗမာအုတ်ခဲထက်ပိုင်းကျိုးများကို

mgyoe.com

mgyoe.com


ဂိုက် ၅၀ထက်ပိုဝေးအောင် ပစ်နိုင်မည်မဟုတ်ပေ။ မင်္ဂလာအိမ်နှင့် ကိုက်၅၀ ပတ်ပတ်လည်တွင် တောမရှိ ချုံမရှိပေ။ တစ်ဖာလုံခန့်ဝေးသော ရွာ တောင်ဘက်မှာသာ တောကြီး ချုံကြီးရှိနေကာ ထိုအထဲမှနေ၍ ပေရွက် ဖြင့်ပတ်ပြီး ပစ်သောကြောင့်တည်း။

ပေရွက်ကို အစချင်းပူးကိုင်ပြီး အလယ်တွင် လေးလံကြီးမားသော ခဲကိုထည့်ထားကာ တအားလွှဲပစ်ရ၍ လွှဲအားအဆုံး (သို့မဟုတ်) ခေါင်း ပေါ်သို့ ခဲရောက်သည့်နှင့်တစ်ပြိုင်နက်နှစ်စပူးထားသော ပေရွက်မှတစ်စ ကို လက်လွှတ်ပေးလိုက်ရ၏။ မကျင်လည့်လျှင် ကိုယ့်ခေါင်းကိုကိုယ် ပြန်မှန်တတ်သည်။

ခဲပေါက်မှုကို ကြီးလေးသော အပြစ်ဟူ၍လည်း ကျေးရွာသားများ က နားလည်ယူဆကြ၏။ အိုးအိမ်ကို ပျက်စီးစေရုံသာမက လူကိုပါ ဒဏ်ရာရစေ သေကျေနိုင်သည်အထိ ကျယ်ဝန်းသောကြောင့် ကြီးမား သောပြစ်မှုဟု လက်ခံယူဆကြခြင်းဖြစ်ပေသည်။ သို့ရာတွင် ခဲကိုလွှတ် သောလက်သည်လည်း ဉာဏ်နှင့်ပင်ဖြစ်သည်။ ရွာ၏ တောင်ဘက် တောထဲမှ ပစ်သလို ရွာ၏မြောက်ဘက်ရှိ ကိုင်းတောထဲမှလည်း ပစ် နိုင်ပေသည်။

ခဲများကျလာသည်နှင့် တစ်ပြိုင်နက်မင်္ဂလာဆောင်မှာပျက်သွား လေ၏။ မိစိန်းခင်တို့သားအမိမှာ နေ့ခင်းကြီး၌ပင် သည်လောက် ရဲတင်း သောင်းကျန်းနေလေသော် ညဥ့်အချိန်တွင်မူ အိမ်သော်လည်းပြိုမည် လော၊ လူသော်လည်းသေမည်လော စသည်ဖြင့် တွေးတောကြောက်လန့် နေကြလေ၏။ သို့သော် မောင်ဘကျော်တို့ဘက်ကလည်း ထည့်တွက် ထားရန် လိုအပ်လာပြန်သည်။ တစ်ရပ်တစ်ရွာသို့ ရွာခံကာလသားများ နှင့် ဆန့်ကျင်ပြီး လာရောက်ရဲခြင်းမှာ အားကိုးရှိ၍ ဖြစ်နိုင်ပေသည်။

မောင်ဘကျော်သည် မိမိ၏ အပေါင်းအသင်းများကို ခေါ်ငင်လာ

mgyoe.com

mgyoe.com


ပြီး ခဲပေါက်သူများနှင့်ရင်ဆိုင်တိုက်ခိုက်မည်လော။ ယင်းသို့မဟုတ်လျှင် ရှေ့သို့သာလော၍ ခဲပေါက်နေသူများကို တစ်ဦးစီလီပြီး နောက်ပိုးသတ်ရန် အကြံရှိလေသလော။

တစ်ရပ်တစ်ရွာသို့ လာရသည့် လူဆိုသည်မှာ မိမိဝင်ထွက်သွားလာမည့် ရွာ၏ မေတ္တာကို ခံယူရမြဲဖြစ်ပါလျက်နှင့် တစ်ရွာမှညှော့သည် ဉောင်ကုန်းသားက အိမ်သည်ဖြစ်သော ပုရပိုက်တန်းသားများကို အာခံရဲခြင်းမှာ စဉ်းစားစရာရှိနေသည့်အတွက် ကာလသားခေါင်း ကိုဘသော်တို့မှာ နမော်နမဲ့ မလုပ်ရန်ကာလသားများအား လိုက်လံသတိပေးနေကြလေ၏။

(၄)

မှောင်ရီပျိုးသည်နှင့် တစ်ပြိုင်နက်ပုရပိုက်တန်းရွာသား ကာလသားများမှာ အလုပ်ရှုပ်နေကြတော့သည်။ အချို့သည် ရွာမြောက်ဘက်ရှိ ချောင်းထဲသို့ဆင်းကာ လက်သီးဆုပ်ထက် မသေးငယ်သော ချောင်းကျောက်များကို ပုဆိုးထဲအပြည့်ထည့်၍ လည်ပင်းတွင် စလွယ်သိုင်းလျက် ရွာခြေသို့ကပ်လာကြ၏။ အချို့ကား ရွာ၏ တောင်ဘက်ရှိ ဘုရားအိုဘုရားပျက်များမှ အုတ်ခဲများကို စုဆောင်းသယ်ပိုးနေကြလေ၏။

ယခုနေအတိုင်းဆိုလျှင် ဉောင်ကုန်းသား မောင်ဘကျော်သည် မိစိန်းခင်အမည်ရှိသော ပုရပိုက်တန်းသူတစ်ယောက်ကို မင်္ဂလာကြေးတစ်ပြားတစ်ချပ်မှမပေးဘဲ မင်္ဂလာဆောင်၍ ယူငင်ပြီးစီးသွားလေပြီ။ ယင်းအပြုမူသည် ပုရပိုက်တန်း တစ်ရွာလုံး၏ ဂုဏ်သိက္ခာကို အကြီးအကျယ် ပျက်စီးနိမ့်လျှောအောင် ပြုခြင်းဖြစ်သည်။ တစ်ရွာလုံးကို စော်ကားခြင်းဖြစ်သည်။ အကယ်၍ "လုပ်မနေကြပါနဲ့တော့ကွာ၊ မင်္ဂလာကြေးမရတာ တို့အသား ပွဲသွားတာမှတ်လို့" ဟူ၍ ကိုဘသော်ကလည်း

mgyoe.com

mgyoe.com


ကောင်း၊ အခြား ကာလသားခေါင်းတစ်ယောက်က သော်လည်းကောင်း၊ ပြောလာငြားအံ့။ ပြောသူသာလျှင် သိက္ခာကျပေမည်။ ကျန်သည့်ကာလသားများကတော့ လက်ခံမည်မဟုတ် နားလည်းထောင်ကြမည်မဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော် ညောင်ကုန်းသားတစ်ယောက်က ပုရပိုက်တန်းရွာသူ တစ်ယောက်အား ခဲဖိုးတစ်ပြားတစ်ချပ်မှမပေးရဘဲ လက်ထပ်ယူငင်သွားကြောင်းကို အခြားသောရွာသားများက သိရှိကြသည်နှင့် တစ်ပြိုင်နက် မိမိတို့ရွာအား အထင်သေးတော့မည်။

ကာလသားချင်းဆုံမိကြလျှင် ယင်းအချက်ကိုရည်ညွှန်း၍ အခြားရွာမှ ကာလသားများက ပုရပိုက်တန်းရွာသားများအား မထိတထိ စကြပေတော့မည်။ သရော်ကြတော့မည်။ ဆဲမနာ ဆိုမနာများကဆိုလျှင် ပြင်းပြင်းထန်ထန်ရှုတ်ချ၍ ပုရပိုက်တန်း ရွာသားများကို တစ်ပြားမျှမတန်အောင် ပြောကြတော့မည်။

ပုရပိုက်တန်းရွာသားများ မခံနိုင်ဆုံးအရာမှာ ယင်းအချက်ပင်ဖြစ်ကာ ခဲဖိုးမပေးသော မောင်ဘကျော်အပေါ်၌ မခံမရပ်နိုင်ဖြစ်ခြင်းမှာ သာမညသာဖြစ်လေ၏။ ထို့ကြောင့်လည်း ပုရပိုက်တန်းရွာ၏ ကာလသားများမှာ သတို့သမီး၏ မင်္ဂလာဆောင်အိမ်ကိုမှ ယနေ့ည ခဲစာမကျွေးရလျှင် မိမိတို့ ရွာသားများ၏ ဂုဏ်ပုဒ်သည် သုသာန်တစတွင် သရဏဂုံမတင်၊ တောမတိုင်ဘဲ မြှုပ်နှံခြင်း ခံရတော့မတတ်ထင်မှတ် ယုံကြည်နေကြခြင်းဖြစ်သည်။

ကာလသားဆိုသည်မှာ လူပျိုကလေးများကိုသာ ခေါ်ခြင်းမဟုတ်၊ အိမ်ထောင်ရှင် လူလတ်တိုင်းနှင့်ကာလသားစိတ်ပေါက်ကာ ကလေးကလားဖြင့် ဟေးလားဝါးလား လုပ်နေသူတိုင်းသည် ကာလသားတည်း။

ဤသဗ္ဗနာမ်ပေါင်း ကာလသားများစွာအနက် အချို့သည် ရှုးရှူး မိုက်မိုက်ကလေးတွေကို မြှောက်ပေး၏။ အချို့ကမူ မခံချင်အောင်ပြော

mgyoe.com

mgyoe.com


ခြင်းဖြင့် ဆွပေးကာ အချို့ကမူ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆင်နွှဲကြလေသည်။

သူငယ်အိပ်ဆိတ်အချိန်သို့ ရောက်လာချေပြီ။

သတို့သမီး၏အိမ်ပေါ်သို့ လေးဘက်လေးတန်မှ ခဲများ တစ်ပြိုင်နက်ကျလာကာ အရိုးငွေရင်၏ ဆဲဆိုသံထွက်ပေါ်လာလေသည်။

ခဲမိုးက ပို၍ပြင်းထန်လာ၏။ သတို့သမီး၏ ထိတ်ရွံ့ရှက်လန့်စွာဖြင့် ငိုသံအော်ဟစ်တောင်းပန်သံများသည် ခဲကျသံများနှင့် ရောထွေးထွက်ပေါ်လာပြန်လေသည်။

ခဲများသည် အိမ်ခြေရင်းရှိ နွားတင်းကုပ်တွင်းမှ နွားများကိုလည်း ချမ်းသာမပေး။ နွားများမှာ ထိတ်လန့်ပြီး ကြိုးပြတ်ကာ တိုးဝှေ့ထွက်ပြေးကုန်၏။ အိမ်ရှေ့တွင် မီးထင်းအတွက် ရေထည့်ထားသော ဘဲဥအိုးကြီးမှာလည်း ဖျန်းခနဲကွဲထွက်သွားလေသည်။

အိမ်တွင်းရှိ အိုး အင် ပန်းကန်ခွက်ယောက်များမှာလည်း တစ်ချပ်ပြီး တစ်ချပ်၊ တစ်ခုပြီးတစ်ခု ကွဲကြေကုန်ပြီး ဒန်အိုး လင်ပန်း စသောအမာခံပစ္စည်းများပေါ်သို့ ခဲကျသံများမှာ မိုးကြိုးအဆက်မပြတ် ပစ်နေသကဲ့သို့ နားကွဲမတတ် ဆူညံနေသည်တွင် ဒေါ်ငွေရင်တို့ သားအမိ၏အော်ဟစ်သံ စူးစူးဝါးဝါးကပါ ရောယှက်ဖောက်မွှေလာပြန်သောအခါ ဝယ် တစ်ရွာလုံးမှာ အဝီစိပွက်သည်သို့ရှိတော့၏။

"အမယ်လေး တော်ကြပါတော့ မောင်တို့ရေ သေရပါတော့မယ်တော့်၊ ကိုပန်းအေးတို့ ဘကြီးဖိုးတို့ လာကြပါဦး၊ မကယ်နိုင်ကြတော့ဘူးလား၊ တစ်အိမ်လုံး ကုန်ပြီတော့ ကုန်ပြီ"

အရိုးငွေရင်သည် ခဲပစ်သူများကို ငိုသံကြီးဖြင့် အော်၍တောင်းပန်သည်။ တစ်စပ်တည်းပင် လူကြီးများကို တိုင်တည်လျက်အကူအညီတောင်း၏။ သို့သော် ခဲအကျကားရပ်မသွားပေ။

mgyoe.com

mgyoe.com


အရီးငွေရင်သည် ပါးစပ်မှအော်ရင်း အိမ်ပေါ်မှရှောင်တိမ်းရန် ပြေးဆင်းလာရာ လှေကားထိပ်သို့ ခဲများအဆက်မပြတ်ကျလာသည့်အတွက် တံခါးရွက်တစ်ခုကို ဘုရားတ ကာ ဖက်တွယ်နေရစဉ် "အိုတော် မသွားရဘူး၊ မသွားနဲ့"ဟူသော မိစိန်းခင်၏အသံနှင့် "ဖယ်စမ်းပါဟာ" ဟု ပြောလျက်ဆဲဆိုရုန်းကန် ပြေးထွက်လာသောသမက်နှင့် သမီးကိုတွေ့ရသည့်အတွက် သမက်၏ လက်တွင်းရှိ ဓားကိုပြေးဆွဲလိုက်ရလေ၏။

"မောင်ဘကျော် မင်းမသွားနဲ့၊ အရီးစကားကို နားထောင်၊ အမယ်လေးတော့"

ပြောဆဲဆိုဆဲတွင် အရီးငွေရင်၏ တင်ပါးကို အုတ်နီခဲတစ်လုံးလာမှန်သည်။

"ဖယ်စမ်းပါ အရီးရယ်၊ ဘကျော်အကြောင်း ပြစမ်း"

"အမယ်လေး သေပါပြီတော့၊ ကိုဘကျော်"

သတို့သား ဘကျော် ယောက္ခမနှင့်ဇနီးလက်တွင်းမှ ရုန်းထွက်နေစဉ် နံနက်ကမှ ခန်းဝင်ပစ္စည်းအဖြစ် သယ်ယူလာကာ ချိတ်ဆွဲထားသော မှန်ကြီးပေါ်သို့ ခဲနှစ်လုံးပြိုင် ကျရောက်လာကာ မှန်ကွဲအစအနများ သမီးယောက္ခမသုံးယောက်၏ မျက်နှာကို ထိမှန်စူးရှကုန်သည့်အတွက် ငယ်သံပါအောင် အော်မိကြလေ၏။

'အမယ်လေး လာကြပါဦးတော်တို့ရဲ့၊ အရပ်ကတို့ရေ ကြည့်နေကြတော့မလား"

အရီးငွေရင်တို့ သားအမိကို ထိမှန်သောဒဏ်ရာမှာ သွေးပေါက်ကလေးများ စို့ရုံမျှသာဖြစ်သော်လည်း မောင်ဘကျော်မျက်နှာမှာကား သွေးဖြာဖြာကျနေ၏။ ခပ်ကြီးကြီး မှန်ကွဲသုံးခုသည် နဖူးနှင့်နားထင်တွင် စိုက်နေကာ မျက်လုံးတစ်ဖက်မှာလည်း သွေးစများအောက်၌ နစ်

mgyoe.com

mgyoe.com

မြုပ်နေလေ၏။

မောင်ဘကျော်သည် သွေးစများကို သုတ်သင်ပေးနေသော မိစိန်းခင်အား တွန်းပစ်လိုက်သည်။

"ဟဲ့ မသွားနဲ့၊ ဟဲ့ ဟဲ့ မောင်ဘကျော်"

ချက်ချင်းပင် မောင်ဘကျော်သည် ခဲမိုးပေါက်များထဲသို့ပြေးဝင်သွားရာ ဒေါ်ငွေရင်က အော်ဟစ်တားမြစ်သလို မိစိန်းခင်ကလည်း မောင်ဘကျော်နောက်သို့ အော်ဟစ်လိုက်ပါသွား၏။ သို့စဉ်တွင် "ဟဲ့ကောင်တွေ၊ လူမိုက်တွေ" ဟူသော ဦးပန်းအေး၏အသံသည် ခဲကျည်များကို ထိုးဖောက်ထွက်ပေါ်လာသည်။

"ဟေ့ မင်းတို့လုပ်ပုံတွေက တရားလွန်ကုန်ကြပြီနော်၊ ဒီမှာ ဒုက္ခရောက်ကုန်ပြီ"

ဦးပန်းအေးနှင့် ဘကြီးဖိုး၏အသံကို ကြားရသောအခါ အခြားသော လူကြီးပိုင်းမှ လူကြီးများလည်း မနေသာတော့ဘဲ အိမ်ထဲမှထွက်လာကြသည်။ သို့ရာတွင် သူတို့၏ထွက်လာခြင်းသည် အခါနှောင်းခဲ့၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ပင် မိစိန်းခင်၏အော်သံက ရွာတောင်ဘက်မှ စူးစူးဝါးဝါးထွက်ပေါ်လာလေသည်။

"လာကြပါဦးတော့၊ ဒီမှာ သတ်ကုန်ကြပါပြီတော့"

မိစိန်းခင်၏အသံနှင့်အတူ ပုရပိုက်တန်း ကာလသားများနှင့် မောင်ဘကျော်၏ မပီမသဆဲဆိုသံများကိုပါ ကြားလိုက်ရသည့်ခဏ၌ လူကြီးအချို့က ရွာပြင်သို့ ပြေးထွက်လာခဲ့ကြသည်။ သို့သော်လည်း အချိန်နှောင်းခဲ့ပြီ မဟုတ်လား။

သာဓ၊ လှဦးတို့မှာ ချုံကြားထဲ၌ လူးလိမ့်နေကြကာ သာဓမှာ ဓာစ်ချက်မျှသာ ကုန်းထနိုင်ပြီး လူကြီးများ မျက်စိအောက်တွင်ပင် အသက်ပျောက်သွားလေ၏။ လှဦးမှာမူ မောင်ဘကျော်အား သွေးအိုင်ထဲ

mgyoe.com

mgyoe.com

မှ အံကြိတ်ပြီး ကြည့်နေသည်။ သူတို့ဘေးမှာတော့ လက်တစ်ဖက်ပြတ် လုဆဲနှင့် မျက်လုံးတစ်ဖက်ပျက်နေသော သတို့သား မောင်ဘကျော်။

(၅)

ရက်တွေပြောင်း၍ ရက်တွင်လဆောင်းကာ သုံးနှစ်ပင်ညောင်းခဲ့သော်လည်း မိစိန်းခင်၏ မျက်ရည်စမ်းမှာ မခန်းသွေ့နိုင်သေးပေ။

မောင်ဘကျော်အား ရဲဘက်ကဖမ်းဆီးကာ ဆေးရုံတင်ထားစဉ် မောင်ဘကျော်က ဆေးရုံမှ ထွက်ပြေးသွား၏။ မောင်ဘကျော်၏သတင်းကို ကြားရလေမည်လားဟု မေးမြန်းစုံစမ်းပြီးတိုင်း မိစိန်းခင်မှာ မျက်ရည်ခန်းကို ဖွင့်မိသည်။

လွမ်းမျက်ရည်စိမ့်စိမ့်ယိုတိုင်း မိစိန်းခင်မှာ ဒေါသူပုန်များ သစ်ရလေ၏။ လွမ်းလျက်တွင် ဒေါသခြယ်လေလျှင် မိမိနေထိုင်ရာပုရပိုက်တန်းရွာကို နာကြည်းသည်နှင့်အမျှ ရွာပေါ်မှာ စီးမိုးနေသော ဓလေ့ကြီးကို မိစိန်းခင်က မုန်းတီးလာ၏။ ရိုးတွင်းခြင်ဆီထဲကပါ မုန်းတီးရွံရှာလာရတော့သည်။

မိမိချစ်သော မောင်ဘကျော်အား မိမိ၏ရင်ခွင်မှ မောင်းထုတ်လိုက်သော မကောင်းဆိုးရွားကြီးကို ဘယ်လိုတွန်းဖြို တိုက်ခိုက်ရမှန်းမသိတိုင်း ရင်ထဲမှကျိတ်၍ ခါးခါးသီးသီး ကျိန်ဆဲနေခဲ့ရသည်မှာ သုံးနှစ်ပင် ပြည့်ပါပေါ့ကလား။ ။

City မဂ္ဂဇင်း —— ၊ ၂၀၁၆။

mgyoe.com

mgyoe.com

## အချစ်သည် စိုးရိမ်သလော

တစ်ဈေးလုံး ကျွက်ကျွက်ရိုက်နေသည်။

မည်သူက မည်သည့်အကြောင်းကိုပြော၍၊ မည်ဝါက မည်သို့တုံ့ပြန်နေပါသည်ဟူ၍ကား လက်ဆုပ်လက်ကိုင် ပြစရာမရှိ။ တဝေါဝေါနှင့် ဆူညံနေသည်ကား အမှန်ပင်။ ထိုတဝေါဝေါအသံထဲသို့ ဆိုက်ကားသမား ကျော်မြင့်ဦး၏အသံက ထိုးဖောက်နိုင်စွမ်းရှိ၏။

"ကိုကြာဥရေ. . .ခင်ဗျားမိန်းမက အရေးကြီးလို့တဲ့၊ ခဏပြန်ခဲ့ပါဦး မှာလိုက်သဗျို့"

"အေးဘုံက တစ်မှောင့်"

မမြင့်မေ ဆိုင်ခင်း၍မပြီးသေး။ ကိုကြာဥကို "ဟိုဟာသည်ဘက်တိုး၊ သည်ခြင်းကို ဟိုဘက်ရွှေ့" ဟု ခိုင်းနေရာက "ကဲ. . .သွားလိုက်ဦး၊ ဘာများအရေးကြီးတယ်မသိဘူး" ဟုပြောသည်။

"သည်မိန်းမနှယ်" ဆိုကာ ဆိုင်ပေါ်မှ ကိုကြာဥခုန်ချခိုက် မမြင့်မေက မေး၏။

"ဘာစားပြီးပြီလဲ"

"ဘာစားရဦးမှာတုံး၊ မျက်နှာသစ်ပြီးပြီးချင်း မမြင့်မေဆီပြေးလာ

mgyoe.com

mgyoe.com

ခဲ့တာကို"

"ဒါဖြင့် မသွားနဲ့ဦး၊ လက်ဖက်ရည်ဝယ်ပေးခဲ့ဦး"

"ဟာ. . .လူအေးတို့ကိုခိုင်း"

သို့သော် မမြင့်မေက ကိုကြာဉထက်လျင်သည်။ ပုဆိုးနောက်စကို ဆွဲထားရာက "ရှင့်ကိုတိုက်ချင်လို့ ရှင့်ကိုဝယ်ခိုင်းတာ၊ ဘယ်က လူအေးတွေ၊ လူပုတွေလုပ်မနေနဲ့. . .ရော့"

စောစောစီးစီး တစ်ပြားဖိုးမျှ မရောင်းရသေးမီထွက်လာသော ထောင်တန်။

မမြင့်မေ၏အကျင့်မှာ ချိုင့်ဆွဲမသောက်။ ဆိုင်မှဖန်ခွက်ဖြင့်သာ သောက်သည်။ နံနက်စောစောတွင် နံပြားတစ်ချပ်နှင့် လက်ဖက်ရည်တစ်ခွက်။ သို့တစေ ကိုကြာဉက ရန်ကနားလက်ထဲသို့ ပိုက်ဆံထိုးထည့်ပြီး ပြေးသည်။

"မမြင့်မေကို လက်ဖက်ရည်တစ်ခွက်နဲ့ နံပြားတစ်ချပ်ဝယ်ပေး လိုက်စမ်းကွာ၊ ငါဗိုက်နာလို့"

ရန်ကနားပါးစပ်ဟချိန်တွင်ကိုကြာဉမှာ လမ်းပေါ်ရောက်နေပြီ။ သူသည် သူ့မယားကိုယုံသည်။ အကြောင်းကိစ္စရှိသောကြောင့်သာ ဆိုက်ကားသမားနှင့်လူကြုံမှာခြင်းဖြစ်သည်ထင်၏။ သို့ရာတွင် အိမ်သို့ ရောက်ချိန်တွင် တိတ်ဆိတ်နေသည်။ သားသုံးယောက်စလုံးကျောင်းသွား နေရာ အေးဘုံတစ်ယောက်တည်း ရှိရမည်။

ပန်းတွေ ထားနေကျနေရာတွင်မရှိ။ ပန်းမှိုက်တွေနှင့် နှီးတွေသာ တွေ့သည်။ ကေန္တ မအေးဘုံနေမကောင်းလျက်နှင့် ပန်းရောင်းထွက်ပြီ ထင်သည်။ ဆိုက်ကားသမားကို လူကြုံမှာပြီး ထွက်သွားခြင်းဖြစ်မည်။ အိမ်နီးချင်းကို တစ်စုံတစ်ရာမှာသွားသလော။

အိမ်နီးချင်းမှာ အေးဘုံ၏အစ်မဖြစ်သည်။ သို့ကြောင့် ကုပ်ချောင်း

mgyoe.com

mgyoe.com

ကုပ်ချောင်းဖြင့်ကူးသည်။ အေးဘုံအစ်မ ခင်အေးရီကို မတွေ့မိ ခင်အေး ရီယောက်ျား ကိုတင်မောင်ကျော့ကို တွေ့သည်။

"ဟော့ကောင်. . .ဘာလဲကွ"

ကျော်စွာထွန်းတို့၊ တင်မောင်ကျော့တို့မှာ ကိုကြာဉကို မကြည်ကြ ပေ။ အစ်မဖြစ်သူ၏ အိမ်ဝိုင်း ဖွက်တောထဲတွင် တဲတစ်လုံးဖြစ်ကတတ် ဆန်းထိုးနေရသော အေးဘုံတို့သားအမိမှာ ကျော်စွာထွန်း အနိုင်ကျင့် စရာ။ တင်မောင်ကျော့၏ လိုက်ပွဲ။

ယခုသော် အေးဘုံ၏ ဖြစ်ကတတ်ဆန်းတဲကို ကိုကြာဉကသွပ်မိုး ပေးသည်။ ဗွက်ကိုမြေဖို့ပေးသည်။ သားမှတ်မှတ်၊ မယားမှတ်မှတ်ပေါင်း နေရာ ယခု ကလေးသုံးယောက်ရကာ ကျောင်းပင်တက်နေကြပြီ။ သည် တော့ ဖျက်မြင်းကိုကြာဉကို အဘယ်မှာကြည်နိုင်ပါမည်နည်း။

"ဩော်. . .ဟို. . .အဝှာ"

ကိုကြာဉကလည်း ကိုကြာဉပင်။ အေးဘုံအစ်မ ခင်အေးရီသာ အချိန်မီထွက်မလာလျှင် အခက်။

"ဩော်. . .ကိုကြာဉပါလား၊ အေးဘုံ ပန်းရောင်းထွက်သွားတယ်၊ ဘာမှတော့မှာမသွားဘူး"

"ဩော်. . .ဟုတ်ကဲ့. . .ဟုတ်ကဲ့၊ သူ နေမကောင်းဘူးပြောထား လို့"

ခင်အေးရီ၏ ကိုကြာဉအပေါ်သဘောထားမှာ ကိုတင်မောင်ကျော့ နှင့် ခြားနားသည်။ ကိုတင်မောင်ကျော့၏ အမြင်မှာ ကိုကြာဉသည် ဈေး ခေါင်းကိုအောင်ညွှန့်ထံတွင် ကပ်ရပ်နေသည်။ ဆိုင်တကာခိုင်းသမျှ လုပ် ပေးပြီး မဝရေစာစားနေရာက ဖျက်မြင်းလာလုပ်သူ။

အေးဘုံ၏ အစ်မ ခင်အေးရီ၏ အမြင်တွင် ကိုကြာဉသည် သူ၏ မတ်။ သူ့မှာ အပ်ထည်တွေပုံနေသောအခါမျိုးတွင် ညီမကိုလှည့်မကြည့်

mgyoe.com

နိုင်။ သည်ညီမကို ကောက်ယူသည် ခင်အေးရီအတွက် သူ့ရဲကောင်း ဖြစ်သည်။ သို့ကြောင့် လေးစားသည်။

ယင်းသို့ ကိုကြာဥကိုလေးစားခြင်းသည် ကိုတင်မောင်ကျော့အဖို့ အပြစ်ကြီးဖြစ်သည်။

"အလကား"

"ဘာ အလကားလဲ"

ကျိုးကျိုးနွံနွံလာသူကို အပေါက်ဆိုး မှတ်ရပါမည်လားဟု မျက်စိတ်အခံရှိနေသဖြင့် ကိုတင်မောင်ကျော့ကို ခင်အေးရီ ခံပြီးအော်တော့သည်။

"မင်းက ငါ့ကိုအော်သလား"

"အော်တာမဟုတ်ဘူးရှင်ရေ့၊ ငေါက်တာ"

သည်မျှမထီမဲ့မြင်ပြုသူကို နားရင်းတီးပစ်ဖို့ကောင်းငြား ကိုတင်မောင်ကျော့မလုပ်ရဲ။ သည်အိမ်တွင် သူကအိမ်ထောင်ဦးစီးအဖြစ် အမည်ခံထားငြား ထုကယ်စီးသူမှာ ခင်အေးရီဖြစ်သည်။ သည်အိမ်အတွက်ဝင်ငွေကို ခင်အေးရီက စက်ချုပ်ပြီး ရှာပေးနေသည်။

"တော်ကွာ. . .တော်. . .တော်"

ကိုတင်မောင်ကျော့ ထသွားမှ ကိုကြာဥသည် သူ့အိမ်ဘက်သို့ကူးလာ၏။ သူမြဲပြီး ထရံဘေးကပ်နေသည်မှာ သူ့မရီးအတီးခံရပါက ဝင်ဆွဲရန်ဖြစ်သည်။ ကိုကြာဥသည် ကိုတင်မောင်ကျော့ကို လွှင့်ပစ်နိုင်သော အခြေအနေတွင်ရှိသည်။

အရေးကြီးလို့ ခဏပြန်ခဲ့ပါဦး လူကြုံဖြင့်မှာသူသည် အိမ်တွင်မရှိ။ သားသုံးယောက်က ကျောင်းသွားနေသည်။ တစ်အိမ်လုံးတွင် ကိုကြာဥ တစ်ယောက်တည်း။ သူ့ခြေသံကို သူပြန်ကြားနေရသည်။ မီးဖိုဘေးရှိ ဒန်အိုးကိုဖွင့်ကြည့်သည်။ ထမင်းစေ့တွေ ဟိုကပ်သည်ကပ်

mgyoe.com

ကပ်နေသည်။ နောက်တစ်အိုး ငါးဟင်းအကတ်အသတ်။ နောက်တစ်အိုး ကန်စွန်းနွယ်တစ်နွယ် ကပ်နေသည်ကို ထောက်ချင့်ခြင်းအားဖြင့် ကန်စွန်းရွက်ချည်ရည်ဟင်းချက်ခဲ့ဟန်တူသည်။ နောက်တစ်အိုး လှန်ပြန်သည်။ ဘာမျှမရှိ။

ထိုအခါ ကျောင်းမှအူယားဖားယားပြေးလာမည့်သားတွေကို မြင်ယောင်သည်။ အငယ်ဆုံးကောင် ကိုကိုလေးသည် အစားခုပ်၏။ အကောင်းလည်းကြိုက်၏။ ဘာမျှစားစရာမရှိရင် "အဖေ့ပဲစားမယ်" ဆိုကာ ဖအေကိုဖက်ကိုက်သည့်ကောင်။

ထို့ကြောင့် ဆန်ဆေး၊ မီးမွှေးပြီး ထမင်းအိုးတည်စဉ်တွင် ကျောင်းဆင်းလာသည်။ ထင်သည့်အတိုင်းပင် "ထမင်းဆာတယ်" ဟု လမ်းကတည်းက အော်လာ၏။

"ဟေ့ကောင်တွေ အော်မနေနဲ့၊ မင်းတို့အမေမရှိဘူး"

"အမေရှိရှိမရှိရှိ ထမင်းစားမယ်"

"အသုပ်သွားဝယ်ကွာ"

ပြောပြောဆိုဆိုဖြင့် ဘောင်းဘီအိတ်ကို ကိုကြာဥနှိုက်သည်။ ငါးရာတန်နှစ်ရွက်ထွက်လာသဖြင့် တစ်ရွက်ကို သားကြီးဖြစ်သူ ကိုကိုကြီးသို့ လှမ်းပေးသည်။ သို့သော် ကိုကိုကြီးက မယူဘဲ ဖအေကိုမော့ကြည့်၏။

"ငရုတ်သီးမထည့်နဲ့နော်"

အမှာစကားပါးပြီးမှ ကိုကြာဥငုံ့ကြည့်သည်။ မော့ကြည့်နေသော ကိုကိုကြီး၏မျက်နှာဝိုင်းဝိုင်းကြီး။

"သားကြီး အသုပ်ဝယ်ပြီး ပြန်လာတာနဲ့ ထမင်းနပ်တာနဲ့ အတော်ပဲနေမှာပါ"

"ငါးရာဖိုးနဲ့လောက်မှာမဟုတ်ဘူးအဖေ"

mgyoe.com

mgyoe.com

"ဟေ. . .ဟုတ်လား"

ကိုကြာဥသည် မုန့်ဟင်းခါးတစ်ပွဲကို အကြော်မပါလျှင် သုံးရာကျပ်ဟုသာသိသည်။ အသုပ်တစ်ပွဲဘယ်လောက်ပေးရသလဲကို သူမသိပေ။ အိမ်တွင် ဟင်းမချက်သည့်အခါ၌ အသုပ်ဝယ်ထည့်သည်ကို မြင်ဖူးကြားဖူးသောကြောင့် အသုပ်ဝယ်ခိုင်းခြင်းဖြစ်သည်။

"အမေကော အဖေ"

မေးသံနှင့်အတူ ချိုင့်တစ်လုံးဆွဲလျက် အိမ်ပေါ်တက်လာသူကား လှလှဦးဖြစ်၏။ သူသည် မယားပါသမီးဖြစ်ငြား ကိုကြာဥကို အဖေခေါ်သည်။ ကိုတင်မောင်ကျော့၏ ရန်ကိုကြောက်သောကြောင့် ကပျာကယာ အိမ်ထောင်ချပေးလိုက်ရသည်။

."ဟင်းလာပေးတာမဟုတ်လား၊ အိမ်မှာ ဟင်းမရှိတာနဲ့အတော်ပဲ"

"ဟုတ်တယ်အဖေ၊ အိမ်မှာ ကြက်သားဟင်းချက်တာနဲ့"

"အေး. . .အတော်ပဲဟေ့၊ နင့်အမေနေမကောင်းဘဲနဲ့ ပန်းရောင်းထွက်သွားတာ ငါလိုက်သွားဦးမယ်၊ နင့်မောင်လေးတွေကို ထမင်းကျွေးရင်း အိမ်စောင့်လိုက်စမ်းပါ"

ကိုကြာဥပြောချိန်သည် ဟင်းလှယ်ရန် မီးဖိုခန်းထဲသို့ လှလှဦးလှမ်းဝင်ချိန်ဖြစ်၏။ သို့ဖြစ်ငြား 'နင့်မောင်လေးတွေ' တွင် ခြေပြန်ရပ်သည်။

"ကျားမြီးဆွဲပါရစေ၊ အဖေသားတွေကို ထမင်းမကျွေးပါရစေနဲ့" ဟု တောင်းပန်သည်။ "အမေ့နောက်ကို သမီးလိုက်သွားပါမယ်၊ အဖေ့သားတွေနဲ့ အဖေပဲနေခဲ့ပါ" ဟု ဆက်ပြောကာ မလှယ်ရသေးသော ဟင်းချိုင့်ကိုထိုးပေးသည်။

"ဟဲ့. . .နင့်အမေသွားတဲ့လမ်းကြောင်းကို နင်သိလို့လား"

mgyoe.com

mgyoe.com


"ရပါတယ် အဖေရယ်၊ မျက်စိမှိတ်ပြီး သွားရဦးမလား"

လှလှဦးကပြောပြောဆိုဆိုအိမ်ပေါ်မှဆင်းသည်။ ပြင်ပသို့ တစ်ချက်ကြည့်ပြီးနောက် ဟင်းချိုင့်ကိုလုနေသည့် မောင်တွေကိုလှမ်းကြည့်ကာ ခပ်သုတ်သုတ်ထွက်သွားတော့သည်။

"ဟော့ကောင်တွေ. . .မင်းတို့အမေဖို့ ချန်ထားဦး"

"အသားတစ်ဖတ်နဲ့ အရိုးနှစ်ဖတ်ပဲပါတာဗျ"

အငယ်ဆုံးကောင်၏အပြော"

"ဟ. . .အသားတစ်ဖတ်ကို ညီအစ်ကိုသုံးယောက်မျှပြီးစားကြပေါ့ကွာ"

"အဖေ့အသားဖတ်က လက်သည်းခွံလောက်ပဲရှိတာ၊ လာပြီးကြည့်ဦး"

ကိုကြာဥမှာ အလတ်ကောင်ကိုပါးစပ်ဖြင့်လည်းမပြော၊ ကာယကံမြောက်လည်း သွားကြည့်မနေနိုင်ပေ။ လမ်းကွေ့မှပေါ်လာသော မိန်းမနှစ်ယောက်ကို အေးဘုံတို့သားအမိလောဟု လှမ်းကြည့်နေရသောကြောင့်ဖြစ်သည်။

သို့ရာတွင် အေးဘုံတို့သားအမိသည် ကိုကြာဥမကြည့်သည့်ဘက်မှ ပေါ်လာကြ၏။ ပန်းဗန်းကို လက်တစ်ဖက်က တန်းလန်းဆွဲထားပြီး ကျန်တစ်ဖက်ဖြင့် မအေကိုတွဲထားသော လှလှဦး သူတို့သားအမိ လမ်းပေါ်ကဖဲ့ဆင်းလာတော့မှ ကိုကြာဥမြင်သည်။

"ဟဲ့. . .အေးဘုံ. . .မအေးဘုံ၊ သမီးလှလှဦး"

ကိုကြာဥသည် အိမ်ပေါ်မှအော်ဟစ်ခေါ်ဝေါ်ရင်း ပြေးဆင်းလာသော်ငြား လှလှဦးက အတွဲမဖြုတ်၊ အဖက်လုပ်မဖြေသဖြင့် ပန်းဗန်းကိုသာ လှမ်းယူခွင့်သာ၏။

"သမီး ဘယ်မှာတွေ့ခဲ့တာတုံး"

mgyoe.com